ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**( ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အချိန်၊၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**အချိန်၊၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊၁၀း၀၅။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ၂-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ သုတေသန ဖိုရမ်တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ငှင်းအတိုင်း။ ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ တရားစီရင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ။ ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့်၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ငှင်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၄) ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေ ကျပ်သိန်းပေါင်း (၃၅၀၀)ဖြင့် တည်ဆောက်ခဲ့သော ပခုက္ကူမြို့နယ်၊ ကွန်းညိုကြီး - ကျပ်တန်းကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်းလုပ်ငန်းသည် လုပ်ငန်းအပ်ပြီး ရက်ပိုင်းအတွင်း ကမ်းပြို ပျက်စီးခဲ့ရခြင်း အကြောင်းအရင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေ ကျပ်သိန်းပေါင်း (၃၅၀၀)ဖြင့် တည်ဆောက်ခဲ့သော ပခုက္ကူမြို့နယ်၊ ကွန်းညိုကြီး - ကျပ်တန်းကုန်း ကျေးရွာ ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်းလုပ်ငန်းသည် လုပ်ငန်းအပ်ပြီး ရက်ပိုင်းအတွင်း ကမ်းပြို ပျက်စီးခဲ့ရခြင်း အကြောင်းအရင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေ ကျပ်သိန်းပေါင်း (၃၅၀၀)ဖြင့် တည်ဆောက်ခဲ့တဲ့ ပခုက္ကူမြို့နယ်၊ ကွန်းညိုကြီး - ကျပ်တန်းကုန်း ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်းလုပ်ငန်းသည် လုပ်ငန်းအပ်ပြီး ရက်ပိုင်းအတွင်း ကမ်းပြိုပျက်စီးခဲ့ရတဲ့ အကြောင်းအရင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီ တံတား(ပခုက္ကူ) တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုကြောင့် ပခုက္ကူမြို့ နယ်မှာရှိတဲ့ မြစ်ကမ်းဘေးကျေးရွာတွေဟာ ရေတိုက်စားမှုဒဏ်ကို များစွာခံခဲ့ရပါတယ်။ တချို့ ရွာတွေမှာဆိုရင် ရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့ရပါတယ်။ ကိုင်းကျွန်းမြေ ဧကပေါင်းများစွာဟာလည်း ဆုံးရှုံး ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ အပတ်ထဲကပဲ ကျွန်တော်တို့ ပခုက္ကူမြို့နယ် အနောက်သီရိကျေးရွာ ဘုန်းတော်ကြီး ကျောင်းနဲ့ စေတီတစ်ဆူ ကမ်းပြိုပျက်စီးခဲ့ရပြီးတော့ ရွာလုံးကျွတ်ပြောင်းရွှေ့ရမယ့် အနေအထား ဖြစ်ပါတယ်။ ဒီရွာတွေထဲမှာ ကျွန်တော်တို့ ကွန်းညိုကြီး၊ ကျပ်တန်းကုန်း ကျေးရွာတွေလည်း နှစ်စဉ် ကမ်းပြိုတဲ့ ဒဏ်ကို ခံစားရပါတယ်။ တစ်နိုင်တစ်ပိုင်ဝါးဖောင် ရေကာတွေ အသုံးပြုပြီးတော့ ကာကွယ်ခဲ့ကြရပါတယ်။ မနှစ်က ရေကြီးတဲ့အချိန်မှာတော့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း(၅၀)ကို အသုံးပြုပြီးတော့ ဝါးဖောင်ရေကာ တည်ဆောက်ပြီး ကာကွယ်ခဲ့ရာမှာ အောင်မြင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ သီးသန့် ရန်ပုံငွေ သမ္မတအထူးရန်ပုံငွေမှ ကျပ်သိန်းပေါင်း(၃၅၀၀)ကြီးတောင် အသုံးပြုပြီးတော့ ရေကာ

ရိုက်ပေးမယ်ဆိုတော့ ကျွန်တော်တို့ပြည်သူတွေ အလွန်ပဲပျော်ရွှင်ခဲ့ရပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း များစွာပီတိဖြစ်ခဲ့ရသလို များစွာလည်း စိတ်ဝင်စားခဲ့ပါတယ်။

ဒါကြောင့် ဒီမြစ်ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းကို အကြိမ်ကြိမ်သွားရောက်ပြီးတော့ သတ်မှတ်တဲ့ နည်းပညာတွေနဲ့ စံချိန်စံညွှန်းပြည့်မီတဲ့ပစ္စည်းတွေ အသုံးပြုဖို့ အကြိမ်ကြိမ် တွန်းအားပေးခဲ့ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါကတော့ ကျွန်တော်တို့ ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်းတွေ ဖြစ်ပါတယ်။ ထရံကိုခံပြီးတော့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒါက အသုံးပြုတဲ့ မျှောတိုင်တွေ ဖြစ်ပါတယ်။ ဒါကတော့ ကျောက်တွေကို တစ်ကွက်ခြားထည့်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကမ်းပြိုပြီးတဲ့ ဒီရွာတွေ ရွှေ့ပြောင်းရတဲ့ အနေအထားတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အချက်အလက်တွေကို ယခုအချိန်ထိ တောင်းယူလို့လည်း မရခဲ့ပါဘူး။ အကောင်းဆုံးဖြစ်မယ့် နည်းပညာတွေ အသုံးပြုခဲ့သလား။ အသုံးပြုတဲ့ပစ္စည်းတွေက သတ်မှတ်တဲ့အတိုင်း သုံးခဲ့သလား။ ဒါ မေးခွန်းမေးစရာ ဖြစ်ပါတယ်။ ကျွန်တော် သိရသလောက်တော့ ဒီမှာ အသုံးပြုခဲ့တဲ့ မျှောတိုင်တွေဟာ အရည်အသွေး မမီပါဘူး။ နောက်ဆုံး သံသယဖြစ်မိတာက ဒီ သိန်းပေါင်း (၃၅၀၀) အမှန်ပဲ အမှန်တကယ်ပဲ အသုံးပြုခဲ့သလား ဆိုပြီးတော့ ကျွန်တော်တို့ သံသယဝင်မိပါတယ်။

ဒီနေရာမှာ ကြုံကြိုက်လို့ အနည်းငယ် ပြောလိုတာက ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ ကျွန်တော်တို့ ပခုက္ကူမှာ ရွှေချောင်း ချောင်းကြီး ရေကြီးလို့ စေတီပုထိုးတွေ၊ ဘုန်းကြီးကျောင်းတွေ၊ သာသနာ့အဆောက်အဦတွေနဲ့ အိမ်ခြေ(၂၀၀)၊ လူ(၁၂၀) ချောင်းထဲမျောပါ ပျက်စီး၊ သေကျေပျက်စီး ခဲ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ နိုင်ငံတော်ကနေပြီးတော့ ကျပ်သိန်းပေါင်း (၈၉၂)သိန်း အသုံးပြုပြီးတော့ ချောင်းရေကာကို ရိုက်ပေးခဲ့ပါတယ်။ ဒီ (၈၉၂)သိန်း အသုံးပြုပြီးတော့ ရိုက်လိုက်တဲ့ ရေကာဟာ ဒေသခံတွေ တစ်နိုင်တစ်ပိုင်အလှူငွေနဲ့ ရိုက်တဲ့ သိန်း(၁၀၀)တန် ရေကာလောက် အဆင့်မရှိဘူး ဆိုတာကို ဒေသခံတွေ အားလုံး အသိပါ။ ဒါကြောင့် ဒီရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ လုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှု မရှိဘူး။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို အလေး ထားခြင်း မရှိဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့် ဒီသတင်းအချက်အလက်တွေကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေ သိစေလို၍ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်း မြင်ကွင်းပုံ (၄၄)



ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်း မြင်ကွင်းပုံ (၄၄-၁)



ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်း မြင်ကွင်းပုံ (၅၅-၂)



**ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၏ အများပြည်သူ သွားလာနေသော လမ်းဘေးတွင် ခွင့်ပြုချက်မရဘဲ စည်းကမ်းမဲ့ လုပ်ကိုင်နေသော အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းများကို ဖယ်ရှားပေးရန် မြို့နယ်ရှိ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အကြိမ်ကြိမ် ညှိနှိုင်းပြီးသော်လည်း ဆောင်ရွက်ခြင်း မရှိသည့်အတွက် မည်သည့်အချိန်ကာလတွင် အပြီးသတ်ဖယ်ရှားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၏ အများပြည်သူ သွားလာနေသော လမ်းဘေးတွင် ခွင့်ပြုချက်မရဘဲ စည်းကမ်းမဲ့ လုပ်ကိုင်နေသော အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းများကို ဖယ်ရှားပေးရန် မြို့နယ်ရှိ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အကြိမ်ကြိမ် ညှိနှိုင်းပြီးသော်လည်း ဆောင်ရွက်ခြင်း မရှိသည့်အတွက် မည်သည့်အချိန်ကာလတွင် အပြီးသတ်ဖယ်ရှားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာပြည့်ဖြိုး ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးရခြင်းနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်းခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးထံမှ ခွင့်တောင်းပါတယ်ခင်ဗျား။

အိမ်မဲမြို့နယ်သည် ကျွန်တော့် မဲဆန္ဒနယ်မြေတစ်ခု ဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်စကပင် မြို့နယ်ဌာနဆိုင်ရာ အစည်းအဝေးတွေမှာ ဒီ အုတ်၊ သဲ၊ ကျောက်စရစ်

လုပ်ငန်းတွေဟာ ဖယ်ရှားဖို့လိုတယ်ဆိုတဲ့ အကြောင်းကို ညှိနှိုင်းဆွေးနွေးခဲ့ကြတာလည်း ရှိပါတယ်။ ဒါပေမယ့်လည်း ဖယ်ရှားခြင်း မရှိတဲ့အတွက်ကြောင့် စည်ပင်သာယာရေးကော်မတီအပါအဝင် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းတွေကို ကျွန်တော်တို့ရဲ့ ဒေသခံတွေက ဖယ်ရှားဖို့ တောင်းဆိုနေကြတယ်၊ အဲဒီတော့ ဒီအုတ်၊ သဲ၊ ကျောက် လုပ်ကိုင်ရာမှာ လမ်းပျက်စီးတဲ့ အနေအထားတွေလည်း ရှိတယ်။ နောက်တစ်ခုက ဒီမြို့ရဲ့ အင်္ဂါရပ်နဲ့လည်း မညီပါဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီချောင်းဘေးမှာ လုပ်နေတဲ့အတွက်ကြောင့် ဒီချောင်းထဲကို သဲတွေစီးဝင်ပြီးတော့ ချောင်းကောလာနိုင်စရာ အနေအထားတွေရှိတယ်။ ဒါကြောင့် အမြန်ဆုံးဖယ်ရှားပေးသင့်တယ်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ညှိနှိုင်းခဲ့တာတွေ ရှိပါတယ်။ အဲဒီတော့ မြို့နယ်စည်ပင်သာယာရေးကော်မတီကလည်း ဒီလုပ်ငန်းတွေကို ဖယ်ရှားဖို့အတွက် စာထုတ်ပြီး တားတာဆိုတာ (၅)ကြိမ်တောင် ရှိသွားပါပြီ။

Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါဟာ အုတ်၊ သဲ၊ ကျောက် လုပ်နေတဲ့ သင်္ဘောတွေ ဖြစ်ပါတယ်။ နောက်တစ်ခုသွားပေးပါ။ ဒါ ဒီဘက်လမ်းနဲ့ အင်မတန်မှ နီးတဲ့နေရာမှာ လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ကမ်းနားမှာ တုတ်ရိုက်ပြီးတော့ သဲတွေ များများဆွဲဖို့အတွက် ဒါ လုပ်ကိုင်နေတဲ့အနေအထားပါ။ စက်ယန္တရားတွေ အသုံးပြုတဲ့အတွက်ကြောင့် လမ်းတွေလည်း ပျက်စီးတာတွေရှိပါတယ်။ ဒါဆိုရင် အုတ်၊ သဲ၊ ကျောက်တွေ ပုံတဲ့အတွက်ကြောင့် ဒီမှာစိုက်ထားတဲ့ ကျွန်းပင်တွေ သေဆုံးတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာသစ်တောဦးစီးဌာနကို ပြောပေမယ့်လည်း အရေးတယူ ဆောင်ရွက်ခြင်း ဘာမှမရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု လုပ်ကိုင်နေတဲ့ ဒီလုပ်ငန်းတွေဟာ လမ်းနဲ့ချောင်း ဒီနယ်နိမိတ်ကြားမှာ ဖြစ်ပါတယ်။ အဲဒီတော့ အရင်အစိုးရလက်ထက်မှာ ရေအရင်းအမြစ်ကနေပြီးတော့ ခွင့်ပြုပေးခဲ့ပေမယ့် ဒီအစိုးရသစ်ပြောင်းလဲတဲ့ အချိန်ကစပြီးတော့ ခွင့်ပြုချက် မပေးတော့ဘူးလို့ သိရပါတယ်။ လက်ရှိအနေအထားမှာ စည်ပင်သာယာကလည်း အခွန်အခတွေ ကောက်ခံခြင်းမရှိသလို ခွင့်ပြုထားတာလည်း မရှိပါဘူး။ ကျွန်တော်တို့မြို့နယ် ကမ်းနားလမ်းမှာရှိတဲ့ ဒီအိုးအိမ်တွေကို ၁၉၉၂ ခုနှစ်က သန့်ရှင်းသာယာလှပရေးမူနဲ့ ဖယ်ရှားခဲ့တာ ရှိပါတယ်။ အဲဒီတော့ မြို့နယ်ပြည်သူတွေကလည်း မိမိတို့မြို့နယ်ရဲ့ မျက်နှာစာဖြစ်တဲ့ ကမ်းနားလမ်းတွေကို သန့်ရှင်းသာယာ လှပတာကိုပဲ လိုလားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုတွေထဲက မနှစ်ကဆိုရင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဒီ လုပ်ငန်းရှင်တွေ အပါအဝင် ကျွန်တော်တို့ ညှိနှိုင်းခဲ့ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီ အုတ်၊သဲ၊ကျောက် လုပ်ငန်းတွေကို (၃)လအတွင်း အပြီးသတ်ဖယ်ရှားဖို့နဲ့ ဒီလိုမဖယ်ရှားခင်ကာလအတွင်းမှာလည်း လမ်းသွားလမ်းလာတွေ လွတ်ကင်းစေရန်အတွက် ပေ(၂၀)လောက် အကွာကနေ လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့ အစည်းအဝေး ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

ဒါပေမဲ့ အခုဒီနေ့ထက်တိုင် ဒီအတိုင်းပါပဲခင်ဗျား။ အဲဒီတော့ ဒီလိုဆက်လက် ဆောင်ရွက်နေခြင်းဟာ ဒေသခံအများစုပြည်သူတွေရဲ့ မျက်နှာကို မကြည့်ဘဲနဲ့ လုပ်ငန်းရှင်တွေအပေါ် ကို အထူးအခွင့်အရေးပေးသလိုဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူ့ကိုယ်စား ကျွန်တော်တို့ ညှိနှိုင်းမှုတွေ လုပ်ပေမယ့်လည်းပဲ လက်တွေ့လုပ်ဆောင် ပေးရမယ့်

မြို့နယ်အုပ်ချုပ်ရေးမှူးတွေက ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ လျစ်လျူရှုထားတဲ့သဘောပါ။ ဒီလိုသာ ဆက်ဖြစ်နေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဟာ လာဘ်ပေးလာဘ်ယူရှိနေတယ်ဆိုတဲ့ အနေအထား ပြည်သူက ထင်မြင်လာစရာရှိပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ကျွန်တော်တို့ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်းပဲ ဘယ်အချိန်ကာလမှာ အပြီးသတ် အုတ်၊ သဲ၊ ကျောက် လုပ်ငန်း တွေကို ဖယ်ရှားမည်ကို သိရှိလိုပါကြောင်း လေးစားစွာ တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကမ်းနားတွင် တုတ်ရိုက်ပြီး သဲများ များများဆံ့ရန်အတွက် လုပ်ကိုင်နေသည့် မြင်ကွင်းပုံ (၃၃)



စက်ယန္တရားများ အသုံးပြုသည့်အတွက်ကြောင့် လမ်းများ ပျက်စီးနေသည့် မြင်ကွင်းပုံ (၃၃-၁)



အုတ်၊ သဲ၊ ကျောက်များ ပုံသည့်အတွက်ကြောင့် စိုက်ထားသည့် ကျွန်းပင်များ သေဆုံးသွားသော မြင်ကွင်းပုံ (၃၃-၂)



**ကချင်ပြည်နယ်၊ မိုးကောင်းမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နန့်ရင်းချောင်းနှင့် မိုးကောင်းချောင်း တစ်လျှောက် ရေတိုက်စားကမ်းပါးပြိုခြင်းကို ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာခင်မကြီးက ကချင်ပြည်နယ်၊ မိုးကောင်းမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နန့်ရင်းချောင်းနှင့် မိုးကောင်း ချောင်းတစ်လျှောက် ရေတိုက်စားကမ်းပါးပြိုခြင်းကို ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နန့်ရင်းချောင်းနှင့် မိုးကောင်းချောင်းတစ်လျှောက် ရေတိုက်စားမှုမှ ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ရှင်။ ပုံမှာပြထားတဲ့အတိုင်း တောင်အရပ်မှာရှိတဲ့ မိုးညှင်းမြို့က စီးဆင်းလာတဲ့ နန့်ရင်းချောင်းဟာ မိုးကောင်းမြို့ရဲ့ ကျွန်းတောရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ အိုးတန်းရပ်ကွက် တို့ကို ဖြတ်သန်းစီးဆင်းလာပြီး နန့်ရင်းရပ်ကွက်အရှေ့ဘက်မှာ အနောက်ဘက်ရှိ ကားမိုင်းမြို့ဘက်က စီးဆင်းလာတဲ့ နန့်ကောင်းချောင်းနဲ့

ပူးပေါင်းပြီး မိုးကောင်းချောင်းအဖြစ် ဧရာဝတီမြစ်ထဲကို စီးဝင်သွားတာ ဖြစ်ပါတယ်ရှင်။ သစ်တော ပြုန်းတီးခြင်းများကြောင့် ချောင်းများကောလာခြင်း၊ မိုးရာသီမှာ မိုးရေမထိန်းနိုင်ဘဲ အရှိန်နဲ့ စီးဆင်းမှု များခြင်းတို့ကြောင့် လူနေရပ်ကွက်များကို နှစ်စဉ် ရေတိုက်စားလာခဲ့ပါတယ်ရှင်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာ နန့်ရင်းရပ်ကွက်က အိမ်(၁)လုံးဟာ ရေတိုက်စားမှုကြောင့် ပြိုကျခဲ့ပြီး ချောင်းထဲမှာ အိမ်အလုံးလိုက် မျောပါသွားခဲ့ပါတယ်။ အိမ်(၂)လုံးမှာလည်း ပြိုကျပျက်စီးခဲ့ရပါတယ်ရှင်။

၆-၆-၂၀၁၆ မှ စတင်ပြီးတော့ ဝါးကရစ်တန်း ရေကာတန်းများကို ကချင်ပြည်နယ်၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နတ်ကြီးကုန်းရပ်ကွက်အတွင်း (၁၇၁၀)အရှည် ဝါးကရစ်တန်း ကုန်ကျငွေ (၂၆.၈၅)သန်း၊ ကျွန်းတောရပ်ကွက်တွင် ပေ(၁၀၀၀)အတွက် ကုန်ကျငွေ (၁၉.၈၁)သန်း၊ စုစုပေါင်း (၄၆.၆၆)သန်း အကုန်အကျခံပြီး ပြုလုပ်ခဲ့ပေမယ့် ရေတိုက်စားမှုကို မကာကွယ်နိုင်ခဲ့ပါဘူးရှင်။ ယခု ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှာလည်း ဆိုးရွားစွာရေတိုက်စားနိုင်တဲ့နေရာ ပေ (၂၀၀၀)အတွက် ကုန်ကျစရိတ် (၃၈၈)သိန်း အကုန်အကျခံပြီး ဝါးကရစ်တန်းများ ပြုလုပ်ထားခဲ့ပေမယ့် ၂၀၁၇ ခုနှစ်၊ ဧပြီလပိုင်းမှာ လိုက်လံကြည့်ရှုတဲ့အခါ ပုံပါအတိုင်း နေအိမ်များ ရေတိုက်စားမယ့် အန္တရာယ် ရှိနေတာကို တွေ့ရှိရပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုကဲ့သို့ ချောင်းရေတိုက်စားမှုကြောင့် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ခိုင်ခံ့မှုမရှိသော ဝါးကရစ်တန်း ရေကာတာများကိုသာ ပြုလုပ်နေခြင်းအားဖြင့် နှစ်စဉ်နှစ်တိုင်း ပြည်သူ့ဘဏ္ဍာငွေများ သိန်း (၄၀၀)မှ (၅၀၀)ခန့် ရေထဲမျောပါပျောက်ပျက်ခြင်းမှ ကာကွယ်ရန်လည်းကောင်း၊ ခိုင်ခံ့ကောင်းမွန်သော ကျောက်စီမြေထိန်းနံရံများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပြုလုပ် ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ မိုးကောင်းမြို့နယ် ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာအစိုးရဌာနသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ရေတိုက်စားလာသည့် မြင်ကွင်းပုံ (ပပ)



ဝါးကရစ်တန်း ရေကာတန်းများ အကုန်အကျခံပြီး ပြုလုပ်ခဲ့သော်လည်း ရေတိုက်စားမှုအား ကာကွယ်နိုင်ခြင်းမရှိသည့် မြင်ကွင်းပုံ (ပပ-၁)



ဝါးကရစ်တန်း ရေကာတန်းများ အကုန်အကျခံပြီး ပြုလုပ်ခဲ့သော်လည်း ရေတိုက်စားမှုအား ကာကွယ်နိုင်ခြင်း မရှိသည့် မြင်ကွင်းပုံ (ပပ-၂)



**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ရဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေကျပ်သိန်း(၃၅၀၀)ဖြင့် တည်ဆောက်ခဲ့သော ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီး - ကျပ်တန်းကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်း လုပ်ငန်းသည် လုပ်ငန်းအပ်ပြီးရက်ပိုင်းအတွင်း ကမ်းပြိုပျက်စီးခဲ့ရခြင်း အကြောင်းအရင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ ကျွန်းညိုကြီး-ကျပ်တန်းကုန်းကျေးရွာအတွက် ဆောင်ရွက်ခဲ့တဲ့ ကမ်းပြို ကာကွယ်ရေးလုပ်ငန်း အစီအမံများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီးကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် မူလလျာထားတဲ့ အစီအစဉ်တွေ အနေနဲ့ကတော့ ကျပ်တန်းကုန်းကျေးရွာ အထက်ကနေ အလျား(၁၉၀၀)ပေရှိတဲ့ မျောတိုင်တန်း သဲအိတ်ဖြည့်ကျောက်စီရေကာ(၁)ခု ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း(၂၀၅.၆၄)နဲ့ သောင်တူးဖော်ခြင်း၊ ကုဗမီတာ (၂၃၁၄၇၀)အတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း(၁၄၄.၃၆)၊ စုစုပေါင်း ကျပ်သန်း(၃၅၀)တိတိလျာထားခဲ့ပါတယ်။ မူလလျာထားတဲ့ ကမ်းပြိုကာကွယ်ရေး အစီအမံများနဲ့ ဆောင်ရွက်ပါက ပခုက္ကူမြို့အဝင် သင်္ဘောဆိပ်ရေလမ်း ဝင်/ထွက်ရန်မဖြစ်နိုင်ခြင်း၊ ဆောင်ရွက်ပြီးပါက ပခုက္ကူဆိပ်ကမ်း တိမ်ကောလာနိုင်ခြင်းတို့ကြောင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိနှိုင်းခဲ့ရာတွင် ပခုက္ကူမြို့အဝင် သင်္ဘောဆိပ်ရေလမ်း အဝင်/အထွက်လမ်းအား မထိခိုက်စေလိုပါသဖြင့် မူလအစီအမံအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ကျွန်းညိုကြီးကျေးရွာအရှေ့တွင် တိုက်ရိုက်ကာကွယ်ခြင်း ဆောင်ရွက်ရန်ရွေးချယ်ခဲ့ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ မူလအစီအမံပါ။ အပေါ်က ရေကာအလျား (၁၉၀၀)ပေလုပ်မယ့်နေရာနဲ့ အောက်ကအစိမ်းရောင်က သောင်တူးဖော်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။

အဲဒီကမ်းပြိုကာကွယ်ရေး အစီအမံတွေမှာ ထန်းလုံးရေကာဒီဇိုင်း ရွေးချယ်ရခြင်းက အထက်ဘက် ကျွန်းဦးကျေးရွာမှ ကျွန်းညိုကြီးကျေးရွာအထိ ကမ်းပြိုအလျား ပေ(၆၀၀၀)အတွင်း ကမ်းရင်းရေနက်ကြောင်းမှာ ရေစစ်မျဉ်းအောက် (၂)မီတာမှ(၄)မီတာ (၆.၅)ပေအထိရှိနေတဲ့အတွက် အဆိုပါရေအနက်မှာ ရေကာတည်ဆောက်မယ်ဆိုပါက အလျား(၃၀)ပေနဲ့အထက်ရရှိနိုင်သော ထန်းလုံးတိုင်ကဲ့သို့သော ပစ္စည်းမျိုးဖြင့် ဆောင်ရွက်နိုင်သည့် ရေကာအမျိုးအစားအား ရွေးချယ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်းညိုကြီးကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှု တိုက်ရိုက်ကာကွယ်ခြင်းလုပ်ငန်းများမှာ Geo Bag ခင်းထန်းလုံးရေကာ(၁၂)ခု၊ မျောတိုင်တန်း ကျောက်ကြီးဖြည့်ကရစ် (၁၂)ခုနဲ့ သောင်စွယ်ပြတ်

ကုဗမီတာ (၆၈၇၁၂)ကုဗမီတာ တူးဖော်ခြင်းများဖြစ်ပါတယ်။ လုပ်ငန်းအားလုံးအတွက် ကုန်ကျစရိတ်မှာ ကျပ် (၃၄၉.၉၅)သန်းတိတိ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြုပြင်ပြီး စီမံခဲ့တဲ့အစီအမံပါ။ အဲဒါကတော့ ကျွန်တော်တို့ ခုနက ကျွန်းညိုကြီးကျေးရွာမှာ အနီဝိုင်းလေးတွေနဲ့ပြထားတာကတော့ ကျွန်တော်တို့ ရေကာ(၁၂)ခုဖြစ်ပါတယ်။

နောက် အောက်က သောင်တူးဖော်မယ့်နေရာကတော့ သောင်ဖြတ်ပြီးတော့ တူးဖော်တဲ့နေရာလေးကို ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ထန်းလုံးကာ ရေကာဒီဇိုင်းပုံတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ပြသွားပြီးပါပြီ။ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ အဆိုပါ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရန် မကွေးတိုင်းဒေသကြီး အစိုးရ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေမရရှိပါသဖြင့် ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း(၃၅၀) တင်ပြတောင်းခံခဲ့ရခြင်း ဖြစ်ပါတယ်။ ကမ်းပြို ကာကွယ်ရေး ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းတွေကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာမှာ အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါတယ်။

လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါ ဖွင့်ခြင်းဟာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဦးဆောင်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်းဒေသကြီးအစိုးရမှ ဖွဲ့ပေးထားတဲ့ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့မှ အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းခန့်မှန်း ကုန်ကျစရိတ်တွက်ချက်မှု (B.Q. Budget Estimate Detail Measurement) စာအုပ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းစတင်ဆောင်ရွက်တဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစ၍ လုပ်ငန်းတန်ဖိုး၊ ဆောင်ရွက်မည့်လုပ်ငန်း ဒီဇိုင်းများ၊ ကြာမြင့်မည့်အချိန်ကာလ၊ လုပ်ငန်းကြီးကြပ်အဖွဲ့ စသည်များပါရှိတဲ့ Vinyl များကိုလည်း ကပ်ထား ပေးခဲ့ပါတယ်။ ဒါကတော့ ကျွန်တော် အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်နေတဲ့ပုံ ဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီး ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေအတွက် စီမံချက်ရေးဆွဲရာမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားတဲ့ အခြေခံစံနှုန်း တွက်ချက်မှုများဖြင့် တွက်ချက်ထားပါတယ်။

လုပ်ငန်းသုံးပစ္စည်းများနဲ့ လုပ်အားခဈေးနှုန်းများဟာ မကွေးတိုင်းဒေသကြီးအစိုးရမှ သတ်မှတ်ထားတဲ့ ဒေသပေါက်ဈေးများ၊ နိုင်ငံပိုင်သတင်းစာမှာ အိတ်ဖွင့်တင်ဒါများ ခေါ်ယူဝယ်ထားခဲ့သော လုပ်ငန်းသုံးပစ္စည်းဈေးနှုန်းများနဲ့ ပခုက္ကူခရိုင်ဒေသပေါက်ဈေးနှုန်း ထောက်ခံချက်များဖြင့် တွက်ချက်ထားပါတယ်။ လုပ်ငန်းစီမံချက်ကို ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ စိစစ်ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ Tender Project နဲ့ လုပ်ငန်းသုံးပစ္စည်းတွေ လက်ခံရာမှာလည်း ကျေးရွာကော်မတီများဖြင့် လက်ခံခဲ့ပါတယ်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စတင်ဆောင်ရွက်တဲ့နေ့မှစ၍ ပြီးဆုံးတဲ့နေ့အထိ တစ်ပတ်လျှင်တစ်ကြိမ် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပခုက္ကူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့နဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်

နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ထံသို့ ပြီးစီးမှုနှင့်တကွ မှတ်တမ်းဓာတ်ပုံများဖြင့် ပေးပို့တင်ပြခဲ့ပါတယ်။ ထို့အပြင် လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ လုပ်ငန်းပြီးစီးမှုအခြေအနေများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားတဲ့လုပ်ငန်း အရည်အသွေးစိစစ်ရေးကော်မတီတို့ဖြင့် စိစစ်မှုခံယူကာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုပ်ငန်းစိစစ်ရေးအဖွဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ပုံ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ရေဟာ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့ကနေပြီးတော့ ၂၀၁၇ ခုနှစ် ဇွန်လ ၇ ရက်နေ့အထိ ရေစစ်မျဉ်းအထက်(၁၆.၅)ပေခန့်မြင့်တက်ရာမှ ကမ်းရင်းမှ ဒိုက်ထုများ ရေကာအခြေတွင် ကပ်ကာ ဝဲပြန်များ ဖြစ်ပေါ်၍ ရေကာ၏ကမ်းရင်းပိုင်း အောက်ဘက်နှင့်အထက်ဘက် သဲကမ်းပါးများ ပြိုကျခဲ့ရပါတယ်။ သဲကမ်းပါးများ ပြိုကျတဲ့နေရာများကတော့ ရေကာအမှတ်(၁)ကနေ ရေကာအမှတ်(၆) အကြားဖြစ်ပြီး အောက်ဘက်ရှိ ရေကာအမှတ်(၇)မှ ရေကာအမှတ်(၁၂)အကြားမှာ ပြိုကျမှုမရှိကြောင်း တွေ့ရှိရပါတယ်။ ရေကာအရင်းပိုင်းရှိ ကမ်းပါးများရေတိုက်စားမှုဟာ ရေလွှဲရေကာများမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရေကာကမ်းရင်းပိုင်း ဝဲလှည့်ခြင်းမျိုး ဖြစ်ပါတယ်။

ဒါပေမဲ့ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီးကျေးရွာ ကမ်းပါးများသည် သဲကမ်းပါးများဖြစ်ခြင်းနှင့် Groyne Root အလျား လုံလောက်မှုမရှိခြင်းကြောင့် လှစ်ဟနေသော ကမ်းပါးများအား ဝဲလှည့် လှိုက်စားမှုဖြစ်ပေါ်ကာ ကမ်းပြိုရခြင်း ဖြစ်ပါတယ်။ အဲဒီလို ကမ်းပြိုပြီးတဲ့နောက် အရေးပေါ်ဆောင်ရွက်ခဲ့တဲ့ အရေးပေါ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းအနေနဲ့ လက်ရှိကမ်းပြိုမှုအခြေအနေက အများဆုံး (၂၅)ပေခန့် ကမ်းပါးနောက်သို့ ပြိုကျခဲ့ပြီး ကျေးရွာလူနေအိမ်များနဲ့ ပေ(၁၀၀)ခန့် ကွာဝေးလျက်ရှိပါတယ်။ ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေစားကမ်းပြိုမှုဟာ အရေးပေါ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများဖြစ်တဲ့ Floating Structure (၁၁၅)ခု ချထားပေးခြင်း၊ အလေးဝန်ဆွဲ သစ်ကိုင်းများ ကမ်းပါးတစ်လျှောက် ချထားပေးခြင်း၊ Steel Cable Groyne စုစုပေါင်း(၁၈)ခုနဲ့ ကမ်းပါးတစ်လျှောက် Slope ဖြေ၍ Polyfelt များခင်းပြီး မျောတိုင်များရိုက်ကာ သဲအိတ်များဖြင့် ဖိပေးခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီလို အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခြင်းအားဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ မြစ်ရေကျချိန် ကွင်းဆင်းတွေ့ရှိချက်အရ ရေတိုက်စားကမ်းပြိုမှု ဆက်လက်ဖြစ်ပွားခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ညာဘက် အပေါ်ပုံကတော့ Polyfelt နဲ့ခင်းထားတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ခုနကလို Polyfelt နဲ့ ခင်းပြီးလုပ်တဲ့အခါမှာ ကျွန်တော်တို့ နုန်းဖို့ခြင်းတွေ ဖြစ်တဲ့အတွက်ကို ကျွန်တော်တို့ အဲဒီနေရာလေးဟာ အခုဆိုရင် ကျွန်တော်တို့က ရေတိုက်စားခြင်း မရှိတော့ပါဘူး။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီးကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်းသုံးပစ္စည်းများကို နိုင်ငံပိုင်သတင်းစာမှာ အိတ်ဖွင့် တင်ဒါခေါ်ယူခဲ့ခြင်း၊ လုပ်ငန်း Design နှင့် Estimate များ တွက်ချက်ရာမှာ တင်ဒါဈေးနှုန်း၊ ဒေသဈေးနှုန်းထောက်ခံချက်များအား ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ စိစစ်

ပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအား တိုင်းဒေသကြီး လုပ်ငန်းစိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြင့် အဆင့်ဆင့်စစ်ဆေးထားခြင်းများဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အပြင် အရေးပေါ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကြောင့် ကမ်းပြိုမှုအား လက်ရှိ အခြေအနေအရ အထိုက်အလျောက် ထိန်းသိမ်းနိုင်ပြီဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ရှင်းလင်းဆွေးနွေး နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ပြည့်ဖြိုး ၏ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၏ အများပြည်သူ သွားလာနေသော လမ်းဘေးတွင် ခွင့်ပြုချက်မရဘဲ စည်းကမ်းမဲ့ လုပ်ကိုင်နေသော အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းများကို ဖယ်ရှားပေးရန် မြို့နယ်ရှိ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အကြိမ်ကြိမ် ညှိနှိုင်းပြီးသော်လည်း ဆောင်ရွက်ခြင်း မရှိသည့်အတွက် မည်သည့်အချိန်ကာလတွင် အပြီးသတ်ဖယ်ရှားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်က ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲချောင်းကမ်းပါးတစ်လျှောက်မှာ ၂၀၀၂ ခုနှစ်မှစ၍ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ လုပ်ကိုင်နေတဲ့ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း (၃)ခု ရှိပါတယ်။ အဆိုပါလုပ်ငန်းများအား မြို့ အင်္ဂါရပ်နဲ့ညီညွတ်မှုမရှိသည့်အတွက် ရှင်းလင်းဖယ်ရှားနိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး များမှာ ဆွေးနွေးတင်ပြပြီး ၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့ရက်စွဲပါစာအမှတ်၊ ၃/၁-၁/ဦး ၆ ဖြင့် ၁၉-၅-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြောင်းရွှေ့ပေးရန်နှင့် လိုက်နာဆောင်ရွက်မှု မရှိပါက ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လုပ်ငန်းရှင်များထံ အသိပေးအကြောင်းကြားထားပြီ ဖြစ်သော်လည်း ရှင်းလင်းဖယ်ရှားခြင်း မရှိသည့်အတွက် ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးတဲ့ နေရာမှာ သူတို့က ဆက်လက်လုပ်ကိုင်နေသဖြင့် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ် စီမံခန့်ခွဲရေးကော်မတီမှ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်း၊ ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဌာနများမှ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၂ အရ မည်သူမှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေး အလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းမပြုရဟုပြဋ္ဌာန်းထားပြီး အထက်ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၁) ပုဒ်မ ၂၇ အရ ထိုသူအား (၁)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းများ လုပ်ကိုင်နေခြင်းအား တည်ဆဲဥပဒေ

လုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဖယ်ရှား ရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်မကြီး ၏ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နန့်ရင်းချောင်း တစ်လျှောက် ရေတိုက်စားကမ်းပါးပြိုခြင်းကို ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ကချင်ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ တင်ပြပါ Slide ဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း(၂၇၅.၈)နဲ့ မိုးကောင်းမြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၃)ခု ဖြစ်ပါတယ်။ အဲဒါတော့ ခုနက နန့်ရင်းချောင်းမှာရှိတဲ့ (၂)နေရာ နန့်ရင်းကျွန်းတောရပ်ကွက်နဲ့ ဖိုးချစ်ကုန်းရပ်ကွက်နဲ့ နမ္မတီးချောင်းမှာရှိတဲ့ နမ္မတီးချောင်းကူးကြိုးတံတားနေရာများ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေအနက် ပထမလုပ်ငန်းတစ်ခုကတော့ မိုးကောင်းမြို့နယ်၊ နန့်ရင်းနဲ့ ကျွန်းတောရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သဲအိတ်ခံ၊ ကျောက်စီရေကာ အလျား(၂၀)မီတာ(၂)ခုနဲ့ အလျား(၅၀)ပေ(၂)ခု တည်ဆောက်ထားတဲ့ပုံတွေပဲ ဖြစ်ပါတယ်။ နောက်လုပ်ငန်းတစ်ခုကတော့ မိုးကောင်းမြို့နယ်၊ နမ္မတီးကြိုးတံတား ကမ်းပြိုကာကွယ်ရေး Steel Basket ပေ(၂၂၅)ပေ တည်ဆောက်ထားမှု ပြတဲ့ပုံဖြစ်ပါတယ်။ တတိယလုပ်ငန်းတစ်ခုကတော့ မိုးကောင်းမြို့နယ် ဖိုးချစ်ကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး Steel Basket ကျောက်စီမြေထိန်းနံရံ ပေ(၆၀၀) တည်ဆောက် ထားရှိမှုနဲ့ သံအိတ်ခံကျောက်စီရေကာ(၇)ခု တည်ဆောက်ရေးလုပ်ငန်း ဖြစ်ပါတယ်။ တင်ပြပါ Slide ကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ်သန်း(၂၆၂.၄)ဖြင့် မိုးကောင်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၁)ခု ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းများအနက် အခုတင်ပြတဲ့ မိုးကောင်းမြို့နယ် လွှဲလောဘုန်းကြီးကျောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သံခြင်းအခြေပြု ကျောက်စီနံရံ(၄၆၅)ပေနဲ့ သောင်စွယ်ဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုပြတဲ့ ပုံတွေ ဖြစ်ပါတယ်။

နောက်လုပ်ငန်းတစ်ခုကတော့ မိုးကောင်းတံတား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ အလျားပေ (၅၁၀)လုပ်ငန်းနဲ့ ဒီပုံကတော့ သဲအိတ်ခံ ကျောက်စီရေကန် အလျားပေ(၁၅၀)နှစ်ခု ဆောင်ရွက်ထားရှိမှု ဖြစ်ပါတယ်။ ဒါ မိုးကောင်းတံတားပဲ ဖြစ်ပါတယ်။ ပြီးတော့ ယခုတင်ပြတာတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း (၂၅၇.၇၄)ဖြင့်၊ မိုးကောင်းမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ ဝါးကရစ်တန်းလုပ်ငန်း(၆)ခု စုစုပေါင်းအလျား (၈၇၁၀)ပေနဲ့ ကျောက်စီမြေထိန်းနံရံ(၁)ခု အလျား(၃၀၀)ပေ လုပ်ငန်းများ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကတော့ မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာ ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း အလျား (၁၇၁၀)ပေ ဖြစ်ပါတယ်။

မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက် ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း အလျားပေ (၁၀၀၀) ဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာ ရထားလမ်းနှင့် ကားလမ်း ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း (၁၇၁၀)ပေ ဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်၊ လွဲလော ဘုန်းကြီးကျောင်းအနီး သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ ပေ(၃၀၀) ဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်၊ ကျွန်းတောတံတား အထက်ဘက် နန့်ရင်းချောင်း ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း အလျားပေ (၂၀၀၀) အပိုင်း(၁) ဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်၊ ကျွန်းတောတံတားအထက်ဘက် နန့်ရင်းချောင်း ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း အလျားပေ(၂၀၀၀) အပိုင်း(၂) ဖြစ်ပါတယ်။ မိုးကောင်းမြို့နယ်၊ ကျွန်းတောတံတားအထက်ဘက် နန့်ရင်းချောင်း ကမ်းပြိုကာကွယ်ရေး ဝါးကရစ်တန်း အလျားပေ (၂၀၀၀) အပိုင်း(၃) တည်ဆောက်ခြင်း လုပ်ငန်းများ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ မဖြစ်မနေ ဆောင်ရွက်ရမည့်နေရာများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ဒေသထွက်ပစ္စည်းများဖြင့် လိုက်လျောညီထွေဖြစ်စေသည့် ကုန်ကျစရိတ် သက်သာစေတဲ့ ဝါးကရစ်တန်းများကို ထည့်သွင်း တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီလို ဝါးကရစ်တန်း တည်ဆောက်ရခြင်းမှာ နိုင်ငံတော်၏ ရန်ပုံငွေ အနည်းငယ်ဖြင့်သာ ချောင်း၏ သွင်ပြင်သဏ္ဌာန်အား ပြောင်းလဲမှုနည်းပါးစေပြီး ကမ်းပါးတိုက်စားခြင်း အလျားအား လုံလောက်စွာ ကာကွယ်ပေးနိုင်ခြင်းနှင့် တိုင်ဝါးအဖြစ် အသုံးပြုသော ဝါးနက်ဝါးများအား မြေဝင်အနက် အနည်းဆုံး (၁၀)ပေအထိစိုက်ပြီး တင်းဝါးများဖြင့် တန်းချုပ်ခြင်း ချောင်းကမ်းပါး တိုက်စားမှု လျော့နည်းစေရန် ဝါးထရံများအား စနစ်တကျခင်း၍ ဆောင်ရွက်ပေးခြင်းတို့ကြောင့် ရေစီးနှင့်အတူ ပါဝင်လာသော အနည်အနှစ်များ အနည်ကျစေပြီး ဒေသအတွင်းပေါက်သည့် ကိုင်းပင် အစရှိသည်တို့ ပေါက်စေရန် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုးကောင်းချောင်းနှင့် နန့်ရင်းချောင်း ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရမည့်နေရာများကို ဦးစားပေး ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မိုးကောင်းမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာပြည့်ဖြိုး ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ ဖြေကြားပေးသွားတဲ့ ဒုတိယဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ အဲဒီတော့ ဒုတိယဝန်ကြီး ဖြေသွားတဲ့အထဲမှာဆိုရင် ဒီ ပုဒ်မ ၂၂ အရ သဲကျောက် လေးလံတဲ့အရာများ စုပုံလို့ရှိရင် ပြစ်ဒဏ်တွေဆိုတာ ရှိပါတယ်။ အဲဒီတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေမှာ ပြစ်ဒဏ်တွေဟာလည်း ပြဋ္ဌာန်းထားတာ တစ်ခုနဲ့တစ်ခု မတူပါဘူး။ ခုန ကျွန်တော် တင်ပြသွားတဲ့ Power Point မှာလည်းပဲ ဒီ ပုဒ်မ ၁၂ အရဆိုရင် ခွင့်ပြုချက်မရှိဘဲ ဒီ ကမ်းနား ဒီ ကမ်းပါးနယ်တွေမှာ တုတ်ရိုက်ခြင်းတွေကို ဒါပြုလုပ်လို့ရှိရင် ပြစ်ဒဏ်ထဲမှာ ပါ ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးမြန်း

လိုတာကတော့ ဒီလိုဆောင်ရွက်တဲ့အပေါ်မှာ ဥပဒေတွေ၊ ပုဒ်မတွေအတိုင်း တိတိကျကျ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးမြန်းလိုပါတယ်ခင်ဗျား။

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ကို အထူးကျေးဇူးတင်ပါတယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ပုဒ်မ ၂၂ က ဘာပြောထားလဲဆိုတော့ ကျွန်တော်တို့ရဲ့ ဥပဒေအရ ဒီဦးစီးဌာနရဲ့ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နဲ့ ကမ်းနားနယ်အတွင်းမှာ သဲကျောက်နဲ့ အခြားလေးလံတဲ့ အရာဝတ္ထုတွေ စုပုံခြင်းမပြုရဟု ပြဋ္ဌာန်းထားတဲ့အတွက် အဲဒီလို စုပုံဖို့အတွက်ကတော့ ကျွန်တော်တို့ရဲ့ ခွင့်ပြုချက်ကို လိုအပ်တာ ဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းကတော့ ခုန ကျွန်တော် ဒီ အုတ်သဲကျောက်လုပ်ငန်း လုပ်ကိုင်ခွင့်အတွက်ကတော့ ကျွန်တော်တို့ ဥပဒေအရ နောက်ဆုံးပြင်ထားတဲ့ ဥပဒေအရ ကျွန်တော်တို့ဟာ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုရတာဖြစ်ပြီး သူတို့အနေနဲ့က ကျွန်တော်တို့ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ သဘောထားမှတ်ချက်ကို တောင်းခံရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ သူတို့တောင်းခံတဲ့အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကနေပြီးတော့ ဒီလုပ်ငန်းခွင့်ပြုချက် ချပေးဖို့အတွက် တောင်းခံတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့က ကျွန်တော်တို့ ဌာနအနေနဲ့က ဒီသဘောထားမှတ်ချက် သင့်တယ်/မသင့်ဘူး။ ကန့်ကွက်ရန် ရှိတယ်/မရှိဘူးဆိုတာ ကျွန်တော်တို့ ပြန်ကြားပေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတာက မေးတဲ့အတိုင်းပဲ ကျွန်တော်တို့ ဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် အခုကတော့ ကျွန်တော်တို့ ဥပဒေနဲ့ အကျုံးဝင်တဲ့ ဒီ အုတ်၊ သဲ၊ ကျောက်ပုံတဲ့ ဒီပြစ်မှုနဲ့ပတ်သက်ပြီးတော့ ဆက်လက် အရေးယူဖို့အတွက် ဥပဒေကြောင်းအရ အရေးယူဖို့အတွက် ကျွန်တော်တို့ ဒေသဆိုင်ရာအာဏာပိုင်များနဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျား။

တကယ်လို့ ဟိုဟာဖြစ်ရင်တော့ ကျွန်တော်တို့ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း သူတို့ အရေးယူဆောင်ရွက်နေတာကို ပိုမိုရှင်းလင်းနိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားပေးသွားတဲ့ ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီဘဏ္ဍာငွေဟာ ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ဘဏ္ဍာငွေ ဖြစ်ပါတယ်။ အခု ပြောခဲ့တာက ဖြေခဲ့တာက တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်တွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဝန်ကြီးပြောသွားတဲ့ နောက်ထပ်မပြုတော့ဘူးဆိုတဲ့ ဒီရောဂါဟာလည်း ပထမ ပြုသွားတဲ့ ရောဂါအစား နောက်ထပ်အရေးပေါ်ရိုက်တဲ့ ရောဂါကြောင့် မပြုခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ဆက်စပ်မေးခွန်းမေးချင်တာက ဒီပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် နောက်နောင် ဒီလိုပြည်သူ့ဘဏ္ဍာငွေ

များစွာ မဆုံးရှုံးအောင် မည်သို့ဆောင်ရွက်မည်ကို ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအတွက် ကျွန်တော်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိတဲ့အတိုင်း ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဒီကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဓိက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ အဓိကတာဝန်က ကျွန်တော်တို့ မြစ်ချောင်းတွေ ကောင်းမွန်ရေး ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ၂၀၁၄ ခုနှစ်ကနေစပြီးတော့ ကျွန်တော်တို့ ဒီကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေအတွက် ရန်ပုံငွေကို ကျွန်တော်တို့က ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကနေ ကျခံဖို့ဆိုပြီးတော့ ကျွန်တော် ဆုံးဖြတ်ခဲ့ပြီးတော့ လုပ်ငန်းအားဖြင့်တော့ ကျွန်တော်တို့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့က ဒီဘဏ္ဍာငွေ ပြည်ထောင်စုဘဏ္ဍာငွေ သီးသန့်ရန်ပုံငွေ အရေးပေါ် ရန်ပုံငွေပဲဖြစ်ဖြစ် တိုင်းဒေသကြီး ပြည်နယ်ရဲ့ ရန်ပုံငွေပဲဖြစ်ဖြစ် ရန်ပုံငွေတွေ အလေအလွင့် ဆုံးရှုံးမှုနည်းပါးဖို့ရာ အရေးကြီးပါတယ်။ ထိရောက်မှုရှိဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့ ဒီရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်တော်တို့ဟာ အတတ်နိုင်ဆုံး ကျွန်တော်တို့ဟာ ဒီဇိုင်းရေးဆွဲတဲ့ နေရာမှာရော ကျွန်တော်တို့အပြင် Contractor အပ်တယ်ဆိုလည်း ဒီဇိုင်းကို အသေအချာစိစစ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ ဒီဇိုင်းလုပ်တဲ့အခါမှာ ကျွန်တော်တို့ဟာ ရရှိတဲ့ဘဏ္ဍာရန်ပုံငွေရဲ့ အတိုင်းအတာပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ဟာ အသုံးပြုတဲ့ပစ္စည်းတွေဟာ ခုနက ပြောသလို ဒေသထွက်ပစ္စည်းတွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ရေစီးကြောင်းအတွက် အတတ်နိုင်ဆုံး ကာကွယ်ပေးနိုင်မယ့် ပစ္စည်းတွေကို ကျွန်တော်တို့က ရွေးချယ်အသုံးပြုရခြင်း ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းတွေဟာ ကျွန်တော်တို့က သဘာဝကို အန်တုပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီ သိတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်တဲ့အတွက် ရေကြီးခြင်း၊ မိုးကြီးခြင်းတွေ ဖြစ်တဲ့အတွက်ကို ကျွန်တော်တို့ ရေစီးကြောင်းတွေ ပြောင်းလဲလာမှုတွေဖြစ်တယ်။ ဒီဟာတွေအတွက်ကြောင့်လည်း ကျွန်တော်တို့ဟာ လုပ်သမျှဟာ ခုန ပြောသလို အားလုံးဟာ ရာနှုန်းပြည့် အောင်မြင်ခြင်း မရှိဘူးဆိုတာလည်း ကျွန်တော်တို့ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ကလည်း ဆက်လက်ပြီးတော့ ကျွန်တော်တို့ဟာ အင်မတန် ဂရုစိုက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ဘဏ္ဍာငွေ အလေအလွင့် ဆုံးရှုံးမှုမရှိဘဲနဲ့ ထိရောက်ပြီး ကြာရှည်ခံမယ့် ကာကွယ်မှုမျိုး လုပ်နိုင်လောက်တဲ့အထိ ဆက်လက်

ပြီးတော့ အတက်နိုင်ဆုံးကြိုးစားသွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးမေး၊ လိုရင်းမေးလိုက်ပါ။

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်မကို ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မမေးတဲ့ မေးခွန်းက မိုးကောင်းမြို့နယ်ထဲမှာရှိတဲ့ ရပ်ကွက်တွေကို နှစ်စဉ်ရေတိုက်စားပြီးတော့ တစ်နေရာမှာ ဝါးကရစ်တန်းနဲ့ ရေကာတာလုပ်လိုက်ရင် နောက်တစ်နေရာမှာ ပြန်ဖြစ်တယ်။ ဒီ ဝါးကရစ်တန်း ရေကာတာဟာလည်း တစ်နှစ်ပဲ ခံပါတယ်ရှင်။ နောက် ခုနက ဝန်ကြီးပြထားတဲ့ အထဲမှာ ဖြေကြားသွားတဲ့ အထဲမှာပါတဲ့ ဟို ကျောက်စီရေကာတာတွေဟာ ကျွန်မတို့ ကျေးရွာတွေမှာ မိုင်ရွက်ကျေးရွာ၊ လွဲလော်ကျေးရွာ နမ္မတီးမြို့နယ် ဒေသစိတ်မှာရှိတဲ့ ရွာတွေက တခြားချောင်းတွေက နေရာတွေ ဖြစ်နေပါတယ်။ ကျွန်မ မေးမြန်းတဲ့ မေးခွန်းက မိုးကောင်းမြို့ကို ဖြတ်သန်းစီးဆင်းနေတဲ့ နန့်ရင်းချောင်းနဲ့ မိုးကောင်းချောင်း တစ်လျှောက်မှာရှိတဲ့ နေရာတွေ ရေတိုက်စားနေတာကို ကျွန်မဆိုလိုရင်းဖြစ်ပါတယ်။

နောက်တစ်ခုက ခုန ဝန်ကြီး ပြောတဲ့အထဲမှာပါသွားတဲ့ ကျွန်မတို့ တံတား၊ မိုးကောင်းတံတားရဲ့ အထက်ဘက်မှာ ကျောက်စီသဲအိတ်နဲ့ ကျောက်စီရေကာတန်း လုပ်ပါတယ်။ ဒါပေမဲ့ အဲ့ဒီရေကာတန်း လုပ်လိုက်တဲ့နှစ်မှာ ရေတက်လာတဲ့ အခါကျတော့ တန်းရဲ့ အထက်ဘက်မှာ ကျွန်မတို့ပေ(၁၀၀)ပတ်လည် မြေတိုက်စားပြီးတော့ ဒီ ချောင်းနဲ့ ကမ်းပါးဘက်ကို ကျွန်မတို့ ရေတိုက်စားသွားပါတယ်။ နောက် အခုဆိုလို့ရှိရင် ဒီ ရေကာတာလုပ်တာရဲ့ တစ်ဖက်ကမ်းမှာ ကျွန်မတို့ တံတားရဲ့ အခြေဘက်မှာလည်း ရေက တိုက်စားနေပါပြီ။ အဲဒီဘက်မှာလည်း စိုးရိမ်စရာ အခြေအနေဖြစ်နေပါတယ်။ မိုးကောင်းဘက်ကမ်းပါးမှာ တံတားအခြေမှာ ရေတိုက်စားနေပါပြီ။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ဆိုလိုတဲ့ သဘောကတော့ နှစ်စဉ်နှစ်တိုင်း မခိုင်မခံ့တဲ့ ဝါးကရစ်တန်းတွေကို သိန်း(၄၀၀) (၅၀၀)လောက် နှစ်စဉ်နှစ်တိုင်း အကုန်အကျခံပြီးတော့ လုပ်လည်းလုပ်ရတယ်။ နောက် ပြည့်စုံမှုကောင်းမွန်မှုလည်း မရှိဘူး။ နှစ်တိုင်းကုန်ကျနေတဲ့အတွက် ဒါကို ကျွန်မတို့ဟာ အိတ်ပေါက်နဲ့ ဖားကောက် သလို ဖြစ်နေတဲ့အတွက် အကျိုးရှိရှိနဲ့ ပြည်သူ့ဘဏ္ဍာငွေကို ---------

**ဥက္ကဋ္ဌ**။ ။ လိုရင်း၊ လိုရင်းလေး မေးလိုက်။ အကုန်လုံး လျှောက်ရှင်းမနေနဲ့ ။

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ မေးခွန်းအတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းက မိုးကောင်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နန့်ရင်းချောင်းတစ်လျှောက် ရေတိုက်စားတဲ့ ကာကွယ်ကျောက်စီ မြေထိန်းနံရံလို့ ပြောတဲ့အတွက်ကို ကျွန်တော်တို့ ကျောက်စီမြေထိန်းနံရံနဲ့ ဝါးကရစ်တန်း ရိုက်တဲ့ဟာ ကတော့

ကျွန်တော်တို့ စောစောက တင်ပြသွားသလိုပဲ။ ရရှိတဲ့ ဘဏ္ဍာငွေပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

အဲဒီတော့ မည်သို့ပင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အခု ဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ကျွန်တော်တို့ ဒီ ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ ပေးပို့ပြီးတော့ ကျွန်တော်တို့ ပြန်ပြီးတော့ ကျွန်တော်တို့ သူတို့ရဲ့ဆီကနေပြီးတော့ ဖြေကြားချက်ကို ရယူမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျိုက်လတ် - လှိုင်သာယာ (၂၃၀)ကေဗွီ ဓာတ်အားလိုင်း Main Station ခွဲရုံ အမြန်ပြီးစီး၍ ဓာတ်အား ပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးရန်နှင့် ယခုဘတ်ဂျက်နှစ် အတွင်း ဆောင်ရွက် ပြီးစီးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့ က ကျိုက်လတ်-လှိုင်သာယာ (၂၃၀)ကေဗွီ ဓာတ်အားလိုင်း Main Station ခွဲရုံ အမြန် ပြီးစီး၍ ဓာတ်အားပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးရန်နှင့် ယခုဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအားလုံး အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီ တိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးသည် လှိုင်သာယာခွဲရုံ ၃၃ ကေဗွီ ကွမ်းခြံကုန်း ဖီဒါမှ ဓာတ်အားရယူထားပြီး လိုင်းမိုင် (၉၃)မိုင် ရှိကြောင်း သိရှိရပါတယ်။

အလားတူ ကျိုက်လတ်မြို့သည်လည်း လှိုင်သာယာခွဲရုံ၏ ၃၃ကေဗွီ ညောင်တုန်း ဖီဒါမှ ဓာတ်အား ရယူထားရပါတယ်။ အဆိုပါ ဖျာပုံခရိုင်အတွင်းရှိ မြို့များသည် လှိုင်သာယာ (Main Station)မှ ဝေးကွာလွန်းခြင်း၊ ရှည်လျားသော လိုင်းအဖျားတွင် တည်ရှိခြင်းကြောင့် Voltage အလွန်အမင်း ကျဆင်းခြင်း၊ ရုတ်တရက် Volt အားမြင့်တက်ခြင်း၊ ရုတ်တရက် Volt အားကျဆင်းခြင်းများကို လျှပ်စစ်ဓာတ်အား မတည်ငြိမ်ခြင်းများကို အချိန်ကာလကြာမြင့်စွာ ပြည်သူများ ခံစားနေရပါတယ်။ အထူးသဖြင့် လျှပ်စစ်နှင့်ပတ်သက်သော အိမ်အသုံးအဆောင်ပစ္စည်းများ ပျက်စီးကာ ယခုလို မိုးရာသီတွင် ဝါယာရှော့ဖြစ်မှာကို ပြည်သူများ စိုးရိမ်ပူပန်နေကြရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ၏ မဲဆန္ဒနယ် ကျိုက်လတ်မြို့တွင် ၂၀၁၄ ခုနှစ်မှ စတင်တည်ဆောက်နေသော ဓာတ်အားခွဲရုံ (Main Station)ကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လုပ်ငန်းပြီးစီးမည်ဟု ခန့်မှန်းထားပါသော်လည်း ကြန့်ကြာမှုများ ဖြစ်ပေါ်နေရပါတယ်။ ထိုသို့ကြန့်ကြာနေရခြင်းမှာ ဓာတ်အားလိုင်းသွယ်ယူရာတွင် တွံတေးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များမှ လယ်ယာမြေများကို ဖြတ်သန်းရပါသဖြင့် လယ်ယာမြေလျော်ကြေးများ အဆင့်ဆင့် တင်ပြတောင်းခံနေရခြင်း ဘတ်ဂျက်ငွေ မလုံလောက်ခြင်းကြောင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းထားသော စက်ရုံအတွက် လိုအပ်သည့် ပစ္စည်းများ (၁၀၀)ရာခိုင်နှုန်း ရန်ကုန်ဆိပ်ကမ်းတွင် ရောက်ရှိနေပါသော်လည်း အချိန်မီ မရွေးနိုင်ခြင်းတို့ကြောင့် ကြန့်ကြာနေရခြင်း ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ထိုဓာတ်အားခွဲရုံကြီး တည်ဆောက်ပြီးစီးသွားမည်ဆိုပါက ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့များအပြင် ဆက်စပ်မြို့နယ်များဖြစ်တဲ့ မအူပင်၊ မော်လမြိုင်ကျွန်းမြို့များပါ လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိမှာ ဖြစ်ပါတယ်ရှင်။

ပြည်သူများ လိုလားတောင့်တနေတဲ့ လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိနိုင်ရေးကို ဖော်ဆောင်ပေးနိုင်မှာလည်းဖြစ်၍ ကျွန်မတို့ မြစ်ဝကျွန်းပေါ်ဒေသ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမှာ ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျိုက်လတ်၊ လှိုင်သာယာ (၂၃၀)ကေဗွီ ဓာတ်အားလိုင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးပါရန်နှင့် ယခုနှစ် ဘတ်ဂျက်အတွင်း ပြီးစီးနိုင်ခြင်း ရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ထန်တလန်မြို့မှ အရှေ့တောင်ဘက် (၅၉)မိုင်အကွာတွင် တည်ရှိသော နှာဟရိန်ကျေးရွာ နယ်မြေရှိ ဘွိုင်နူမြစ်အား ရေအားလျှပ်စစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့မှ အရှေ့တောင်ဘက် (၅၉)မိုင် အကွာတွင် တည်ရှိသော နှာဟရိန်ကျေးရွာ နယ်မြေရှိ ဘွိုင်နူမြစ်အား ရေအားလျှပ်စစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းရမယ့်မေးခွန်းကတော့ ထန်တလန်မြို့မှ အရှေ့တောင်ဘက် (၅၉)မိုင်အကွာတွင် တည်ရှိတဲ့ ဘွိုင်နူမြစ်အားရေအားလျှပ်စစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို ကျွန်တော် မေးလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်၊ နှာဟရိန်ကျေးရွာအောက်တွင် တည်ရှိသော ဘွိုင်နူမြစ်ဟာ မြောက်ဘက်ပိုင်းတွင် ဟားခါးမြို့နယ်၊ အရှေ့နဲ့အရှေ့တောင်ပိုင်းတွင် မတူပီမြို့နယ်၊ အနောက်နဲ့ အနောက်တောင်ပိုင်းတွင် ထန်တလန်မြို့နယ်တို့၏ အလယ်ဗဟိုတွင်လည်းကောင်း၊ ရာဇွာမြို့၊ နှာရိန်မြို့နှင့် လိုင်လဲင်ပီမြို့တို့အကြားတွင် ဝန်းရံထားပြီး ရေအရင်းအမြစ်ကောင်းခြင်း၊ ရေစီးရေလာကောင်းပြီး နွေရာသီတွင် ရေမခန်းဘဲ ပုံမှန်စီးဆင်းသောမြစ် ဖြစ်ပါတယ်။ ဒါကြောင့် အထက်၏ တာဝန်ပေးချက်အရ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှလည်းကောင်း၊ ဒီဇိုင်းနဲ့ ပုံထုတ်ဌာနခွဲမှလည်းကောင်း၊ ဘူမိဗေဒဌာနခွဲမှလည်းကောင်း ပဏာမမြေပြင်တိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ပညာရှင်များ ပြောပြချက်အရ (၇၂)မီဂါဝပ်ကျော်ထုတ်လုပ်နိုင်ကြောင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ချင်းပြည်နယ်ရှိ မြို့နယ်အများစုကိုလျှပ်စစ်ဓာတ်အား ဖြန့်ဝေနိုင်ကြောင်း အဆိုပါ ကျွမ်းကျင်သူများ ပြောပြချက်အရ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုထဲမှာ ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနဲ့ အဆင်းရဲဆုံးပြည်နယ် ဖြစ်ပါတယ်။ မြို့နယ်ပေါင်း (၉)မြို့နယ်၊ မြို့(၄)မြို့ဖြင့် ဖွဲ့စည်းထားရာ ပြည်နယ်အတွင်းရှိ လူဦးရေ(၈၀)ရာခိုင်နှုန်းတို့ဟာ သမားရိုးကျ ရွှေ့ပြောင်းတောင်ယာစနစ် စိုက်ပျိုးရေးနှင့်တကွ တစ်ပိုင်တစ်နိုင်မွေးမြူရေးဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါတယ်။ ယနေ့ထိ တွင်းထွက်သယံဇာတ ထွက်ရှိမှုမရှိသေးတဲ့အပြင် စက်ရုံ၊ အလုပ်ရုံလည်းမရှိတဲ့ ပြည်နယ် (၁)ခု ဖြစ်ပါတယ်။ တောင်သူလယ်သမားအများစုဟာ တစ်နေ့လုပ်တစ်နေ့စား (From Hand To Mouth) ဖြင့် ဆင်းရဲစွာ နေ့စဉ်ဘဝကို ရုန်းကန်နေရပါတယ်။ မြို့များမှလွဲ၍ ကျေးရွာများဟာ မီးမလင်းဘဲ ကျောင်းနေကလေးများ စာကြည့်ရန် မီးအိမ်၊ ထင်းရှူး၊ ဖယောင်းတိုင်များ၊ ဝါးများကိုသာ အမှီသဟဲ ပြုနေဆဲ ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ မြောက်ပိုင်းမှ တောင်ပိုင်းအထိ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် နယ်ချင်းစပ်လျက်ရှိရာ ယနေ့အချိန်ကာလမှာ မီဇိုရမ်ပြည်နယ်ရှိ နယ်စပ်ကျေးရွာများဟာ ရွာတိုင်း လျှပ်စစ်မီးလင်းကုန်ကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ပိုင်းမှာတော့ ကျေးရွာများကိုကြည့်ရင် မီးမလင်းဘဲမှောင်မဲနေတဲ့အတွက် များစွာဝမ်းနည်းစရာကောင်းပါတယ်။ ဒါဟာ ဘာကြောင့် ဒီလို တင်ပြရသလဲဆိုရင် ကျွန်တော်ဟာ ရှေ့နောက်မီသူတစ်ဦးဖြစ်တာနဲ့အညီ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီး အချိန်မှ

စ၍ တော်လှန်ရေးကောင်စီတက်သည့် ၁၉၆၂ ခုနှစ်အထိ ကျွန်တော်တို့ မြန်မာနိုင်ငံထဲက ကျေးရွာများဟာ အိန္ဒိယနိုင်ငံဘက်က ကျေးရွာများထက် အစစအရာရာ တိုးတက်ခဲ့ရသော်လည်း နိုင်ငံရေးနှင့် စီးပွားရေး စနစ်လွဲချော်မှုကြောင့် အဆင်းရဲဆုံးအဆင့်သို့ ရောက်ခဲ့ခြင်းဖြစ်ကြောင်း အားလုံးအသိပင် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်အလေးအနက်တင်ပြချင်တာကတော့ ထန်တလန်မြို့နယ်၊ နှာဟရိန်ကျေးရွာ အောက်တွင် ဘွိုင်နုမြစ်အား နိုင်ငံတော်မှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးနိုင်ပါက ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကို များစွာ အထောက်အကူပြုနိုင်သလို ချင်းပြည်နယ်အတွင်းရှိ တောနေပြည်သူလူထုရဲ့ ရင်သွေးသားသမီးများ လျှပ်စစ်မီးအောက်တွင် လုံခြုံစိတ်ချစွာ စာသင်နိုင်ခြင်း၊ စာဖတ်နိုင်ခြင်း စတဲ့ ကောင်းကျိုးများအပြင် ပညာရည်နိမ့်ကျမှုကိုပါ ကုစားနိုင်မှာ ဖြစ်ပါတယ်။ မိဘပြည်သူများကလည်း အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထူထောင်၍ နေ့ရောညပါ လျှပ်စစ်မီးအောက်တွင် ယုံကြည်စိတ်ချစွာ အလုပ်လုပ်ကိုင်နိုင်ကြမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းများပါ ပိုမိုရရှိလာနိုင်မှာဖြစ်တဲ့အတွက် အလုပ်လက်မဲ့ ပြဿနာများပါ ဖြေရှင်းရာ ရောက်မှာ ဖြစ်ပါတယ်။ ထင်းမီးအတွက် သစ်တောကို မခုတ်ကြတော့တဲ့အတွက် သစ်တောများ ပိုမို စိမ်းလန်းစိုပြည်လာနိုင်သောကြောင့် ရာသီဥတုပါ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ချင်းပြည်နယ်အတွင်းရှိ လုပ်သားပြည်သူများရဲ့ လူနေမှုဘဝတိုးတက်ရေးကို ရှေးရှုပေးလျက် ထန်တလန်မြို့နယ်အတွင်းရှိ ဘွိုင်နုမြစ်အား ရေအားလျှပ်စစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဒုတိယ ဝန်ကြီးများ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင် က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ အဖြေများကို တစ်ဆက်တစ်စပ်တည်း ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ မေးမြန်းတဲ့ မေးခွန်းကို ဦးစွာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ (၂၃၀)ကေဗွီ ကျိုက်လတ်-လှိုင်သာယာ ဓာတ်အားလိုင်းဟာ လိုင်းမိုင်အရှည်(၅၁)မိုင်ကျော်ကို

တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းကို ၂၀၁၄ ခုနှစ်ကနေ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ တည်ဆောက်ရမယ့် တာဝါတိုင် အရေအတွက်ပေါင်းက (၂၀၉)တိုင် ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ တာဝါတိုင်တွေကို ဖောင်ဒေးရှင်းတွေ စတင်တည်ဆောက်ရတာဖြစ်ပြီး တိုင်ပေါင်း(၁၈၉)တိုင်အတွက် တာဝါတိုင်ဖောင်ဒေးရှင်းတွေ တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ တာဝါတိုင်ဖောင်ဒေးရှင်းတွေ တည်ဆောက်ပြီးစီးပြီး နောက်ပိုင်းမှသာ တာဝါတိုင်များကို တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် လက်ရှိတိုင်ပေါင်း (၁၇၇)တိုင် တည်ဆောက်ပြီးစီးပြီး ဖြစ်ပါတယ်။ ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်း တစ်ခုလုံးရဲ့ အနေအထားနဲ့ ခြုံပြီးတွက်ချက်ရင် ပြီးစီးမှု ရာခိုင်နှုန်း(၆၇.၅)ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျိုက်လတ်မှာ(၂၃၀/၆၆/၁၁)ကေဗွီ (၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်တဲ့လုပ်ငန်းကို ဆောင်ရွက်ရတာဖြစ်ပြီး လက်ရှိအခြေအနေမှာ တည်ဆောက်ရေးလုပ်ငန်းများရဲ့ (၈၂)ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို Power Point နဲ့ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဒါ တည်ဆောက်ပြီးစီးနေတဲ့ ဓာတ်အားခွဲရုံရဲ့ အနေအထားကို တင်ပြထားတာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံရဲ့ တည်ဆောက်ပြီးစီးမှုမြင်ကွင်း ဖြစ်ပါတယ်။ ဒါက တည်ဆောက်ပြီးထားတဲ့ ဖောင်ဒေးရှင်းရော၊ တာဝါတိုင်များ တပ်ဆင်ပြီးစီးမှု အနေအထားကို တင်ပြထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြွေသီးများနှင့် ဓာတ်အားလိုင်းကြိုးများ တည်ဆောက်၍ တပ်ဆင်ရန် ကျန်ရှိနေဆဲဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ တစ်နည်းအားဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လမှာ ပြီးစီးအောင် ကျွန်တော်တို့ လျာထားတွက်ချက်ခဲ့ကြပါတယ်။

အဆိုပါကဲ့သို့ ဆောင်ရွက်တဲ့အချိန်မှာ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှသည် ကျိုက်လတ်ကို တည်ဆောက်လာတဲ့ ဓာတ်အားလိုင်းတစ်လျှောက် နယ်မြေအတွင်းမှာ ဓာတ်အားလိုင်း တာဝါတိုင် (၁၃)တိုင် ဖောင်ဒေးရှင်းချ တည်ဆောက်ရန်အတွက် လယ်မြေတွေကို ဖြတ်သန်းတည်ဆောက်ရတဲ့ အချိန်မှာ သီးနှံလျော်ကြေးနဲ့ ပတ်သက်ပြီးတော့ တောင်သူများရဲ့ တောင်းဆိုချက်က အင်မတန် မြင့်မားတဲ့ လျော်ကြေးနှုန်းထားတွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပေးချေနိုင်မှုမရှိခြင်း၊ ဘတ်ဂျက်လုံလောက်မှုမရှိခြင်း၊ ဒီအတွက်ကြောင့် အချိန်ကာလ လပေါင်းများစွာ စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ကြရပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အကူအညီတွေနဲ့ ဌာနက ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ယခု ပြီးခဲ့တဲ့လကမှ ကျွန်တော်တို့ ဒီကိစ္စရပ်ကို ပြေလည်အောင် ညှိနှိုင်းနိုင်ခဲ့တဲ့အတွက်ကြောင့် တာဝါတိုင်များ တည်ဆောက်ရေးလုပ်ငန်းများဟာ သတ်မှတ်ချိန်ထက် ပိုမိုပြီးကြန့်ကြာခဲ့ရတာ ဖြစ်ပါတယ်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်ထဲမှာ ပါဝင်သကဲ့သို့ပဲ အဆိုပါ ဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများအတွက် လိုအပ်တဲ့ ဘတ်ဂျက်ရန်ပုံငွေဟာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ခွဲဝေချထားမှုမှာ လုံလောက်တဲ့ ဘဏ္ဍာငွေရရှိခြင်း မရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံသွားမှာဖြစ်ပြီး ဘတ်ဂျက်ရန်ပုံငွေ လုံလောက်စွာ

ရရှိပါက တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ ပြီးစီးနိုင်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း မေးမြန်းသည့်မေးခွန်းအား ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အတွင်းမှာရှိတဲ့ ထန်တလန်မြို့နယ်ရှိ ဘွေနူး(ခ)ဘွိုင်နုရေအားလျှပ်စစ်စီမံကိန်းနဲ့ မတူပီမြို့နယ်ရှိ လေမျိုရေအားလျှပ်စစ်စီမံကိန်းတို့ကို ကွင်းဆင်းတိုင်းတာပေးပါရန် ချင်းပြည်နယ်အစိုးရကနေပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံကို အကြောင်းကြားလာခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ စူးစမ်းတိုင်းတာရေးအင်ဂျင်နီယာများကို ၂၀၁၇ ခုနှစ်၊ မေလက သက်ဆိုင်ရာဒေသကို ကွင်းဆင်းပြီး သွားရောက်တိုင်းတာစေခဲ့တာ ဖြစ်ပါတယ်။

ရေအားလျှပ်စစ်များကို အကောင်အထည်ဖော်မယ်ဆိုလို့ရှိရင် အဆိုပါ မြစ် သို့မဟုတ် ချောင်းများအတွင်းမှာရှိတဲ့ ရေများရဲ့ စီးဆင်းနေမှုပမာဏများကို တိုင်းတာရတာဖြစ်သလို အခြားသော အချက်အလက်များကိုလည်း တိုင်းတာရတာ ဖြစ်ပါတယ်။ အဓိကကျသော အချက်အလက်များဟာ အဆိုပါဒေသမှာ ဆယ့်နှစ်ရာသီပတ်လုံး ရေရရှိနိုင်မှုအခြေအနေအပြင် ဆည်တည်ဆောက်မယ့် တည်နေရာရဲ့ မြေသားနဲ့ ဘူမိဗေဒအခြေအနေများဟာ အလွန်အရေးကြီးတာ ဖြစ်ပါတယ်။ လျှပ်စစ် ဓာတ်အား အမြောက်အမြားထွက်ဖို့ တည်ဆောက်မယ်ဆိုခဲ့ရင် ကျွန်တော်တို့ တမံကို မြင့်မြင့် တည်ဆောက်ရတာ ဖြစ်ပါတယ်။ တမံကို မြင့်မြင့်တည်ဆောက်ပြီး ရေကိုထုထည်နဲ့လှောင်ရမယ် ဆိုလို့ရှိရင် အဆိုပါ တည်နေရာရဲ့ မြေသားကြံ့ခိုင်မှုဟာ အလွန်အရေးကြီးတာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ရဲ့ အဆိုပါ စီမံကိန်းတည်နေရာများမှာ ရေအားစီးဆင်းနှုန်းကိုသာ တိုင်းတာ ရတာမဟုတ်ဘဲ မြေသားရဲ့ ဘူမိဗေဒအနေအထားများကို တိုင်းတာရတာဖြစ်တဲ့အတွက်ကြောင့် ကွင်းဆင်း တိုင်းတာတွေ့ရှိချက်များကို တင်ပြရမယ်ဆိုရင် ဘွိုင်နုမြစ်ဟာ ပျမ်းမျှ မြစ်ကြမ်းပြင်ရဲ့ လျှောစောက် ဟာ(၁.၅)ရာခိုင်နှုန်းသာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ရေစီးတဲ့ပမာဏဟာ ကျွန်တော်တို့ Run-off River ရေလွှဲစနစ်နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ သိပ်အဆင်မပြေဘူးဆိုတာ တွေ့ရှိရပါတယ်။

ထို့အပြင် ထိုစီမံကိန်းနေရာမှာ အသွင်ပြောင်း သဲကျောက်နဲ့ သင်ပုန်းကျောက်များကို အမြောက်အမြားတွေ့ရှိရတာဖြစ်တဲ့အတွက်ကြောင့် ဘူမိဗေဒအခြေအနေအရ အဆိုပါ အသွင်ပြောင်း သဲကျောက်များရဲ့ ခံနိုင်ရည်အားဟာ ကောင်းသော်လည်း ခံနိုင်ရည်အားနည်းတဲ့ သင်ပုန်းကျောက် များဟာ အလွှာလိုက်၊ အထပ်လိုက် တည်ရှိနေတာဖြစ်တဲ့အတွက်ကြောင့် ရေအားအဆောက်အအုံများ တည်ဆောက်တဲ့နေရာမှာ ဥမင်လိုဏ်ခေါင်းတွေတည်ဆောက်ရန် ကြံ့ခိုင်မှုမရှိတာကို တွေ့ရှိရမှာ ဖြစ်သလို ဓာတ်အားပေးစက်ရုံတည်နေရာရဲ့ ကျောက်သားမြေနေရာဟာ ကောင်းမွန်မှုမရှိဘဲ မြေပြို ခြင်းများ ဖြစ်ပေါ်နိုင်တာကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။

ထို့အပြင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ဖို့ရာအတွက်၊ တည်ဆောက်ရေးလုပ်ငန်း အတွက် လိုအပ်တဲ့ Construction Materials တွေ၊ သဲ၊ ကျောက် ဒါတွေကို ရရှိနိုင်တဲ့ အခြေအနေ

ကလည်း အလွန်နည်းပါးတဲ့ အခြေအနေတွေ တွေ့ရှိပါတယ်။ တည်ဆောက်ရမယ့် တမံရဲ့ အမြင့်ဟာ မီတာ(၁၂၀)၊ တစ်နည်းအားဖြင့် ပေ(၃၆၀)ကျော်အထိ တည်ဆောက်ရမှာဖြစ်ပြီးတော့ ရေသွယ်ဥမင်လိုဏ်ဟာ အလျား(၂၇၀၀)မီတာအထိ တည်ဆောက်ရမည့် အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် ဘူမိဗေဒအနေအထားအရ အဆိုပါကဲ့သို့အဆင့် တည်ဆောက်ရန် သင့်လျော်မှု မရှိကြောင်း သုံးသပ်ရရှိထားတာ ဖြစ်ပါတယ်။

ထန်တလန်မြို့နယ်၊ နှာဟရိန်ကျေးရွာအနီးမှာ လျာထားတည်နေရာကလည်း ဘူမိဗေဒအခြေအနေဟာ အမြင့်တမံတည်ဆောက်ပြီး ရေသွယ်ဥမင်လိုဏ်တည်ဆောက်ကာ ရေသွယ်ယူပြီးတော့ ရေအားလျှပ်စစ်ထုတ်ယူရန် ဖြစ်နိုင်ခြေမရှိပါဘူး။ ဘွိုင်နူမြစ်ပေါ်မှာ မျက်နှာသွင်ပြင်နဲ့ ဘူမိဗေဒအခြေအနေတို့အရ သင့်လျော်မယ့် တမံအနိမ့်စားကို တည်ဆောက်ပြီး အသေးစားရေအားလျှပ်စစ် ထုတ်နိုင်ဖို့ကိုသာ စဉ်းစားဖို့သင့်တော်တဲ့အတွက်ကြောင့် လာမယ့်ပွင့်လင်းရာသီ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှာ စူးစမ်းတိုင်းတာရေးအဖွဲ့များကို ထပ်မံစေလွှတ်ပြီး အနိမ့်စားတမံနဲ့ အသေးစားရေအားလျှပ်စစ် ထုတ်နိုင်ခြေရှိ/မရှိကို ပြန်လည်စူးစမ်းတိုင်းတာပြီးတဲ့နောက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ချင်းပြည်နယ် အစိုးရအဖွဲ့တို့ကို ပြန်လည်တင်ပြသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။**　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၂၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။**　။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလို ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားမင်းထန် ဖြစ်ပါတယ်။ ကျွန်တော့်ကို အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၊ ၁/ အမ (ကော်မတီ-၁) ၁/ ၂၀၁၇- ၃၈၇
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ၁၃-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးမှ ၂၅-၇-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၇-၇-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထပ်မံလေ့လာစိစစ်ရာ ဆက်သွယ်ရေး ဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်

သဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သဖြင့် မူလဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်သင့်ကြောင်းနှင့် ဥပဒေရေးထုံး မှန်ကန်စေရန် အတွက် အပိုဒ်ခွဲ (ဃ) ပါ မည်သည့် တရားရုံးမျှ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြ သည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြ အပ်ပါတယ်။ အကြံပြုဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်များ၏ ပြင်ဆင်ရန် အဆိုပြုချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ပါကြောင်း ကန့်လန့်ဖြတ်ဇယားနှင့်အတူ အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကြိုတင်ဖြန့်ဝေထားသည့် ဇယားအတိုင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၃ နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် များရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း နှင့် ဦးခင်မောင်လတ် ပါ (၅)ဦးတို့၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ဦးတင်အောင်ထွန်းရဲ့ တင်ပြချက် အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဦးတင်အောင်ထွန်းရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးခင်မောင်လတ် ပါ (၅)ဦးတို့ရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၅၉)မဲ၊ ကန့်ကွက်မဲ (၉၂)မဲ၊ ကြားနေမဲ (၂၃)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဦးခင်မောင်လတ် ပါ (၅)ဦးတို့ရဲ့ တင်ပြချက်ကို ဆက်လက် ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဦးမောင်မောင်အုန်း ပါ (၂)ဦးနှင့် ဆန္ဒမဲများသူ ဦးခင်မောင်လတ် ပါ (၅)ဦး တို့ရဲ့ တင်ပြချက်နှင့်စပ်လျဉ်းပြီး ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက်အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက် မဲများလျှင် ဆန္ဒမဲများသူ ဦးခင်မောင်လတ် ပါ (၅)ဦးရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၇)မဲ၊ ကန့်ကွက်မဲ (၄၇)မဲ၊ ကြားနေမဲ(၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက်ကို ဆက်လက် ဆန္ဒ ရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး နှင့် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်မှူးသက်မင်းဦး ၏ တင်ပြချက် အပေါ်မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဗိုလ်မှူးသက်မင်းဦး ရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများ လျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၆၇)မဲ၊ ကန့်ကွက်မဲ (၁၁၀)မဲ၊ ကြားနေမဲ (၅)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦး ရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ဆက်လက်ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး နှင့် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦး ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ တင်ပြချက်အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၄၃)မဲ၊ ကန့်ကွက်မဲ (၁၃၁)မဲ၊ ကြားနေမဲ (၇)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက်ကို ဥပဒေကြမ်းကော်မတီနှင့် ဆက်လက်ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီနှင့် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ပါ (၂)ဦးရဲ့ တင်ပြချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အပေါ်မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်းပါ (၂)ဦးရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၅၁)မဲ၊ ကန့်ကွက်မဲ ( ၂၇)မဲ၊ ကြားနေမဲ(၈)မဲဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ၏နောက်တွင် ပုဒ်မ ၆၆-က အဖြစ် အသစ် ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြထားပါတယ်။

ဦးမောင်မောင်အုန်း ပါ (၃)ဦးတို့က အသစ်ဖြည့်စွက်ရန် တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၀)မဲ၊ ကန့်ကွက်မဲ (၁၇)မဲ၊ ကြားနေမဲ(၅ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုပြုပြင်ဆင်ထားတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၄ နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး တို့၏ တင်ပြချက်နှင့် စပ်လျဉ်း၍ ဦးမောင်မောင်အုန်း ၏ တင်ပြချက် အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများ လျှင် ဗိုလ်မှူးသက်မင်းဦး ရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၀)မဲ၊ ကန့်ကွက်မဲ (၆၈)မဲ၊ ကြားနေမဲ(၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက်ကို ဆက်လက် ဆန္ဒရယူသွား မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး နှင့် ဆန္ဒမဲ များသူ ဦးမောင်မောင်အုန်း တို့ရဲ့ တင်ပြချက်နှင့် စပ်လျဉ်း၍ ဦးကျော်မြင့်ဦး ၏ တင်ပြချက်အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဦးကျော်မြင့်ဦး ရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၅၇)မဲ၊ ကန့်ကွက်မဲ (၁၁၈)မဲ၊ ကြားနေမဲ (၉)မဲဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက်ကို ဆက်လက် ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဦးခင်မောင်လတ် ပါ (၂)ဦးနှင့် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက်နှင့်စပ်လျဉ်းပြီး ဦးခင်မောင်လတ် ပါ (၂)ဦးရဲ့ တင်ပြချက်အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဦးခင်မောင်လတ်ပါ(၂)ဦးရဲ့ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၅၇)မဲ၊ ကန့်ကွက်မဲ (၁၁၉)မဲ၊ ကြားနေမဲ (၄)မဲဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက်ကို ဥပဒေကြမ်းကော်မတီနှင့် ဆက်လက် ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီ နှင့် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အပေါ် မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဆန္ဒမဲများသူ ဦးမောင်မောင်အုန်း ရဲ့ တင်ပြချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၅၃)မဲ၊ ကန့်ကွက်မဲ (၂၄)မဲ၊ ကြားနေမဲ (၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြု ပြင်ဆင်ထားတဲ့ ဥပဒေကြမ်း၏ခေါင်းစဉ်၊ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး မှ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်သို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ယခု အဆိုမှာ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၂း၀၆။**

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၆။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လျက်ရှိသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခုပြင်ဆင်ပြဋ္ဌာန်းမယ့် မူးယစ်ဆေးဝါးပင်မဥပဒေ Mother Law မှာ မူးယစ်ဆေးဝါး

သုံးစွဲသူအဖြစ် လက်ဝယ်တွေ့ရှိလို့ ထောင်ကျခံနေရတဲ့ သူများအတွက်ပါ ထောင်တွေ မဆံ့တဲ့ ပြဿနာ ဖြေရှင်းနိုင်ဖို့အတွက် ဤဥပဒေသည် နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှု ရှိစေရမည် ဆိုတဲ့ အသစ်ပြဋ္ဌာန်းချက်တစ်ရပ် ဖော်ပြထားသင့်ကြောင်း ပဏာမတင်ပြလိုပါတယ်။

ယခုတင်ပြမယ့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေကြမ်း အခန်း(၈)၊ (က) ရန်ပုံငွေ ထိန်းသိမ်းခြင်းနဲ့ စီမံခန့်ခွဲခြင်းဆိုင်ရာ အပိုဒ် ၂၃၊ မူရင်းဥပဒေဖြည့်စွက်ချက် ပုဒ်မ ၂၈(ဂ)၊ ပုဒ်မခွဲ(က)အဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေကို ပေးသွင်းရမယ်ဆိုတဲ့ ကိစ္စရပ်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမယ်ဆိုတဲ့ စကားရပ် ပြောင်းလဲတာကို လက်ခံပါတယ်။ ဒါပေမဲ့ ယင်းအပိုဒ်တွင် ဖော်ပြထားတဲ့၊ ပေးသွင်းတဲ့ ဘဏ္ဍာရန်ပုံငွေမှ (၁၀)ရာခိုင်နှုန်းကို ဆုငွေအဖြစ် သတ်မှတ်ပေးရမယ် ဆိုတဲ့စကားရပ်အစား ဗဟိုအဖွဲ့သည် ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ပုဒ်မခွဲ(က) အရ ပေးသွင်းခဲ့တဲ့ ရန်ပုံငွေရဲ့ ရာခိုင်နှုန်းတစ်ရပ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများ ကာကွယ်တားဆီးရေးလုပ်ငန်းများမှာ အသုံးပြု နိုင်တယ်ဆိုတဲ့ စကားရပ်ပါ ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အဓိကအားဖြင့် ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးနဲ့ လူပုဂ္ဂိုလ်နဲ့တွဲပြီး ဖမ်းမိတဲ့ မူးယစ်ဆေးဝါးတွေဟာ မီးရှို့ဖျက်ဆီးလိုက်ရတာ ဖြစ်ပါတယ်။ ရန်ပုံငွေအဖြစ် ပေါ်ပေါက်နိုင် မှသာလျှင် ပေးသွင်းခဲ့တဲ့ ရန်ပုံငွေရဲ့ ရာခိုင်နှုန်းတစ်ရပ်ကိုသာ အသုံးပြုခဲ့နိုင်မှာဖြစ်လို့ တစ်နည်းအား ဖြင့် မူးယစ်ဆေးဝါများ ကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်ကြောင်း ဖော်ပြနိုင်မှာ ဖြစ်ပြီး တစ်နည်းအားဖြင့် ဌာနဆိုင်ရာနဲ့ လူပုဂ္ဂိုလ်ဆိုင်ရာတွေကို ဆုကြေးအဖြစ် ချီးမြှင့်နိုင်ဖို့ အကျုံး ဝင်သွားနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအခန်း(၆)၊ ပုဒ်မ ၆၀ မှာ ချီးမြှင့်ငွေနဲ့ အခ ကြေးငွေဆိုရာတွင် ချီးမြှင့်ငွေဆိုတာ မူလရာထူးတာဝန်မှအပဖြစ်တဲ့ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို ထမ်းဆောင်ရတဲ့အတွက် ဝန်ထမ်းကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ချီးမြှင့်တဲ့ငွေဖြစ်ကြောင်း ပြဋ္ဌာန်း ထားပါတယ်။

ဒါ့အပြင် အခကြေးငွေဆိုရာမှာလည်း နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေမှတစ်ပါး အခြားသော ရန်ပုံငွေတစ်ရပ်ရပ်က ခွင့်ပြုတဲ့ငွေဖြစ်တယ်လို့ ဆိုပါတယ်။ အဆိုပါ နည်းဥပဒေ ပုဒ်မ ၆၁ တွင်လည်း လိုအပ်ပါက ဝန်ထမ်းဟာ နိုင်ငံတော်အတွက် အချိန်အခါမရွေး၊ လုပ်ငန်းမရွေး၊ တာဝန်ထမ်းဆောင်ရန် ဖြစ်ပေမယ့် ပေးအပ်တဲ့တာဝန်အတွက် ချီးမြှင့်ငွေဖြစ်စေ၊ အခကြေးငွေဖြစ်စေ၊ အပိုချီးမြှင့်တဲ့ အကြောင်းများ ရှိတယ်လို့ ယုံကြည်ကြောင်း ခွင့်ပြုနိုင်ခွင့်ရှိသူက မှတ်တမ်းတင်ထားရမယ်လို့ ပြဋ္ဌာန်းချက်ရှိပါတယ်။ ဖမ်းဆီးဖော်ထုတ်နိုင်တဲ့ မူးယစ်ဆေးဝါးများအပေါ် ရာခိုင်နှုန်းတစ်ရပ်အနေဖြင့် ဆုကြေးအဖြစ် သတ်မှတ်ပေးမယ်ဆိုရင် မဖမ်းဆီးနိုင်၊ မဖော်ထုတ်နိုင်တဲ့ ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးများ တွေ့ရှိရမှုများအတွက် ပိုင်ရှင်အစစ်အမှန်ကို မဖော်ထုတ်နိုင်ပါက ဒဏ်ကြေးအဖြစ် ပြစ်ဒဏ်ပေးရမှာ

ဖြစ်ပါတယ်။ ဒါမှ ဝန်ထမ်းရဲ့ စွမ်းရည်ကို တာဝန်ယူမှု၊ တာဝန်ခံမှုတို့အရ ဆုကြေး၊ ဒဏ်ကြေးအဖြစ် သတ်မှတ်ဖော်ပြထားနိုင်မယ်ဆိုရင် ပို၍သဘာဝကျမယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ကမ္ဘာပေါ်မှာ အာဖဂန်နစ္စတန် ပြီးရင် မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး ဒုတိယအများဆုံးထွက်ရှိတဲ့ နိုင်ငံအဖြစ် သတ်မှတ်ထားခြင်း ခံနေရပါတယ်။ ဒါကို လှုပ်ရှားတက်ကြွသူ ပြည်သူများနဲ့တကွ ဌာနဆိုင်ရာ ဝန်ထမ်းများက ဘယ်လိုကြိုတင်ကာကွယ်တားဆီးကြမလဲဆိုတဲ့ အချက်ကို လေ့လာသုံးသပ်သင့်ပါတယ်။ ကုန်ဆုံးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်းအတွင်း ကွန်တိန်နာယာဉ်တစ်စီးပေါ်မှာ အမေရိကန်ဒေါ်လာ (၁၀၆)သန်းတန်ဖိုးရှိတဲ့ စိတ်ကြွမူးယစ်ဆေးပြား (၂၆)သန်း ပိုင်ရှင်မဲ့ ဖမ်းဆီးမိတဲ့အပြင် နောက်ထပ် ထပ်မံသိမ်းဆည်းရမိတဲ့ စိတ်ကြွမူးယစ်ဆေးပြား(၃၄)သန်း ကျော် သိမ်းဆည်းမိတာကြောင့် ကမ္ဘာ့ဒုတိယအများဆုံး မူးယစ်ဆေးဝါးအမှု ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဒီ တင်ပြတဲ့ Power Point မှာ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများပုံ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးများ ရန်ကုန်တိုင်းအတွင်းကို အကြိမ်ပေါင်းမည်မျှ ထုနဲ့ထည်နဲ့ ရောက်ရှိလာခဲ့တာကို သုံးသပ်မယ်ဆိုရင် ရွှေသမင်ဘယ်ကထွက် မင်းကြီးတာက ထွက်ဆိုသလို ဖြစ်နိုင်ခြေများကိုလည်း သမိုင်းကြောင်းအရ စဉ်းစားရမှာ ဖြစ်ပါတယ်။ မူးယစ်ရာဇာများကို ယနေ့အထိ မြန်မာနိုင်ငံ လုံခြုံရေးအဖွဲ့များက ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိဘဲ သယ်ဆောင်သူ၊ လက်ဝယ်တွေ့ရှိသူများကိုပဲ ဖမ်းဆီးနိုင်တဲ့အဆင့်ပဲ ရှိပါတယ်။ ဆုပေး၊ ဒဏ်ပေးစနစ်ကို ပိုမိုကျယ်ပြန့်စွာ တစ်ပြေးညီ မဆောင်ရွက်နိုင်သေးခင် မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ပေးသွင်းခဲ့တဲ့ ရန်ပုံငွေများရဲ့ ရာခိုင်နှုန်းတစ်ရပ်ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးမှာ အသုံးပြုဖို့ဆိုတဲ့ ပြင်ဆင်ချက်အပေါ်မှာ ထည့်သွင်းပြဋ္ဌာန်းပေးရန် အချိန်စောလွန်းနေသေးတဲ့အတွက် ပယ်ဖျက်ထားရန် ကန့်ကွက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂:၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၁၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ လွှတ်တော်ဝန်ထမ်းများ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ မူးယစ်ဆေးဝါးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ရှေ့နေတစ်ဦးအနေနဲ့ အမှုလိုက် အတွေ့အကြုံအရရော၊ လက်ရှိမှာလည်း ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ သံဖြူဇရပ်မြို့နယ်မှာ မူးယစ်ဆေးဝါး သုံးစွဲသူတွေကို စည်းရုံးလှုံ့ဆော်ပြီး ဆေးကုသမှုခံယူရေးအတွက် ကူညီဆောင်ရွက်နေသူတစ်ဦးအနေနဲ့ပါ လက်တွေ့အခြေအနေတွေအပေါ်မှာ အခြေပြုပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ Power Point သုံးခွင့်ပြုပါရှင်။

ပုဒ်မ ၃၊ ပုဒ်မခွဲ(င) ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကျွန်မက ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများဆိုတဲ့စကားရပ်များကို ဖြည့်စွက်လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်တွေမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို အကူအညီပေးချင်နေတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူတွေ ရှိပါတယ်။ အကူအညီတွေလည်း ပေးနေကြပါတယ်။ ဒါကို တရားဝင် အသိအမှတ်ပြုထည့်သွင်း ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်မယူဆလို့ ဖြစ်ပါတယ်။ ပုဒ်မ ၃၊ ပုဒ်မခွဲ(စ)ကို ပြပါနော်၊ ကျွန်မအနေနဲ့ ဒီ ပုဒ်မမှာ ဆိုလို့ရှိရင် တိုက်ဖျက်နှိမ်နင်းရေးနဲ့ အရှိန်အဟုန်မြှင့်ရေးဆိုတဲ့ စကားရပ်ကို ဖြည့်စွက်လိုပါတယ်။

အခန်း(၃)၊ ပုဒ်မ ၄ ပါ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်မက ပြည်ထောင်စုအစိုးရအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးနှင့်အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်လို့ ပြင်ဆင်လိုပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)မှာလည်း တိုက်ဖျက်နှိမ်နင်းရေးနဲ့ ယင်းဆေးဝါးများ ဆိုတဲ့စကားရပ်ကို ဖြည့်စွက်လိုပါတယ်။ ကျွန်မအနေနဲ့ ဒီ တိုက်ဖျက်နှိမ်နင်းရေးနဲ့ ဆိုတဲ့စကားရပ်ကို ဘာကြောင့် ဖြည့်စွက်ရတာလဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာဟာ တားဆီးကာကွယ်တဲ့အဆင့်နဲ့ မလုံလောက်ပါဘူး။ တိုက်ဖျက်နှိမ်နင်းရမယ့်အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအတွက် ဥပဒေမှာ တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းနိုင်မှ ဖြစ်မှာမို့လို့ ဖြည့်စွက်ရခြင်းဖြစ်ပါတယ်ရှင်။

ပုဒ်မ ၆၊ ပုဒ်မခွဲ(င)မှာ ကျွန်မအနေနဲ့ စာရင်းကောက်ယူရေးဆိုတဲ့ စကားရပ်ကို ဖြည့်စွက်လိုပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ထောင်ဒဏ် အပြစ်မပေးတော့ဘဲနဲ့ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း နည်းလမ်းတွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို မဆုံးရှုံးရလေအောင် ဆောင်ရွက်တာကို ကျွန်မက မူသဘောအနေနဲ့လက်ခံပါတယ်။ ကျွန်မတို့လိုလားတဲ့ ပြဿနာဖြေရှင်းနည်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဖက်က ရှုထောင့်တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဒီ ဥပဒေကြမ်းအရ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို မဖမ်းဆီးတော့ဘူး၊ ထောင်ဒဏ်အပြစ်မပေးတော့ဘူး ဆိုလို့ရှိရင် ဒီအခြေအနေဟာ အင်မတန်မှ စိန်ခေါ်မှုများပါတယ်။ ဆေးဝါးသုံးစွဲသူတွေ ပိုပြီးအတင့်ရဲလာနိုင်ပါတယ်။ များလာနိုင်ပါတယ်။ ဆေးဝါးသုံးစွဲသူတွေကိုလည်း ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်ပါဘူး။ တစ်ဖက်မှာလည်း ဥပဒေကို ဖြေလျှော့ပေးလိုက်တာနဲ့အမျှ တစ်ဖက်ကလည်း ဆေးကုသပေးရေးအစီအစဉ်တွေကို ကြပ်ကြပ်မတ်မတ်နဲ့ စနစ်တကျလုပ်နိုင်မှ ဖြစ်မှာပါ။ ရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါးသုံးစွဲသူတွေ စာရင်းကိုစနစ်တကျ ကောက်ယူရမှာ ဖြစ်ပါတယ်။

လက်ရှိမှာလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတဲ့ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၁) အရ ရပ်/ကျေး မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်(၅)ရပ်ထဲမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူများစာရင်း ကောက်ယူပြုစုခြင်း ဆိုတဲ့ တာဝန်တစ်ရပ် ရှိနေပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဘယ်အုပ်ချုပ်ရေးမှူးမှ မလုပ်ပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဒါကိုအလေးထားဆောင်ရွက်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တည်းမှာပဲ ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)ရဲ့ ဥပဒေကြမ်းကော်မတီ အဆိုပြု ပြင်ဆင်ချက်ထဲမှာ စာရင်းကောက်ယူခြင်း ဆိုတဲ့စကားရပ်ကိုတော့ ကျွန်မက ပယ်ဖျက်လိုပါတယ်။ ဒီအဆင့်မှာ စာရင်းကောက်စရာ မလိုတော့တဲ့အတွက် ဖြစ်ပါတယ်ရှင်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(တ)၊ Slide(14) ကိုပြပါ။ Slide(14) မှာပြထားတဲ့အတိုင်း ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပုဒ်မခွဲ(ဒ)ကိုလည်း Slide(16) မှာတင်ပြထားတဲ့ အတိုင်း ပြင်ဆင်လိုပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်လာမှုကို လက်ခံ အသိအမှတ်ပြုပေးဖို့ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)နဲ့ (ခ)ကို Slide (17)မှာ ပြထားတဲ့အတိုင်း၊ ပုဒ်မခွဲ(ဈ)နဲ့ (ည)ကို Slide(18)မှာ ပြထားတဲ့အတိုင်း ပြင်ဆင်ပြင်ဆင်လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခန်း(၅)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)ကို ဆွေးနွေးပါမယ်ရှင်။ ဒီပြဋ္ဌာန်းချက်အရ ရဲတပ်ဖွဲ့ဝင်ဟာ ဆေးဝါးသုံးစွဲသူလို့ သံသယရှိသူကို အနီးဆုံးဆေးကုဌာန၊ ဂေဟာသို့ ပို့အပ်နိုင်သည် လို့ သုံးနှုန်းထားပါတယ်။ အဲဒီတော့ ပို့အပ်နိုင်သည် ဆိုတာက ပို့ချင်လည်း ပို့လို့ရတယ်။ မပို့ဘဲလည်း နေလို့ရတယ် ဆိုတဲ့သဘော ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ဖမ်းဆီးအရေးယူမှုမရှိ၊ လုပ်စရာလည်းမလိုတော့ဘူး။ ဆေးကုသမှုကျတော့လည်း ဥပဒေအရ ရဲကို လျော့တိလျော့ရဲ တာဝန် ပေးထားမယ်ဆိုလို့ရှိရင် ဒီပြဋ္ဌာန်းချက်လောက်နဲ့တော့ မူးယစ်ဆေးဝါး သုံးစွဲသူတွေဟာ လက်ခမောင်း ခတ်နေကြတော့မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ/မရှိ စစ်ဆေးဖို့ဟာလည်း အချိန် အကန့်အသတ်ရှိတာမို့ ရဲတပ်ဖွဲ့ဝင်ဟာ အချိန်ဆွဲနေလို့ရှိရင် ဆေးစစ်ချက် အဖြေမှန်ကို ရရှိတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီပုဒ်မမှာ ကျွန်မက Slide မှာ ပြထားတဲ့အတိုင်း ဆောလျင်စွာ ပို့အပ်ရမည်လို့ ပြင်ဆင်ပြဋ္ဌာန်းလိုပါတယ်ရှင်။

ဒီအခန်းမှာပဲ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ) အနေနဲ့ မည်သူမဆို ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနဲ့ ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်ထံ သတင်းပေးပို့ကာ ပူးပေါင်းဆောင်ရွက်နိုင်သည်လို့ ပြဋ္ဌာန်းချက်အသစ်ကို ဖြည့်စွက်လိုပါတယ်။ မူးယစ်ဆေးဝါးဒဏ်ကို ခံရတာ ပြည်သူတွေ အများစု ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကို ဖြေရှင်းရာမှာ၊ ဒီပြဿနာကို ဖြေရှင်းရာမှာ ဥပဒေအရ ပြည်သူကို ပါဝင်ခွင့်ပေးထားဖို့ လိုပါတယ်။ ဒါမှလည်း ကျွန်မတို့ မလုပ်၊ မရှုပ်၊ မပြုတ် ရဲတပ်ဖွဲ့ဝင်အချို့တွေကို ပြည်သူတွေက တွန်းအားပေးနိုင်မှာ ဖြစ်ပါတယ်ရှင်။ ဆက်လက်ပြီးတော့ အခန်း(၇-က)၊ ပုဒ်မ ၁၅ မှာ Slide(23)မှာ ပြထားတဲ့အတိုင်း အများဆုံး နာရီ(၃၆၀)လို့ ပြင်ဆင်လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် က ပြောပါတယ်။ မူးယစ်ဆေးဝါးကြောင့် ဘဝပေါင်းများစွာ ကြွေလွင့်ပျက်စီးခဲ့ရတာကို ကျွန်တော် မငြင်းပေမယ့် အစိုးရတစ်ရပ်ရဲ့ မှားယွင်းတဲ့ မူဝါဒတွေကတော့ ဒီထက်ပိုတဲ့ဘဝပေါင်းများစွာကို ထိခိုက်ပျက်စီးစေတယ်လို့ ကျွန်တော် ယုံကြည်တယ်လို့ ဆိုထားတဲ့ စကားလေးပါ။ ဒါကြောင့်မို့ ကျွန်မတို့ ဥပဒေပြုရေးမှာ တာဝန်ရှိသူ--------။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၈။**

**ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပုဒ်မ(၃)ခုကို ပြင်ဆင် အကြံပြုချက်များနဲ့အတူ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြု တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းရဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)မှာ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ ပြစ်ဒဏ်ကျခံနေရသူများဆိုတဲ့ စကားရပ်အား ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီးနောက် ရာဇဝတ်မှုမြောက်တဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့သူများအနေဖြင့် ဥပဒေကြောင်းအရ အရေးယူခံရပြီး ပြစ်ဒဏ်ကျခံရမှာပဲ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြစ်ဒဏ်ကျခံနေရသူများကိုလည်း ပြန်လည်ထူထောင်ရေး ပြုလုပ်ပေးရန် လိုအပ်မှာဖြစ်ပြီး ဆောင်ရွက်ပေးခြင်း မရှိပါက ပြစ်မှုကျူးလွန်သူများအနေဖြင့် အကျဉ်းထောင်မှ လွတ်မြောက်လာတဲ့အခါ မူးယစ်ဆေးဝါး သုံးစွဲခြင်းနဲ့ ပြစ်မှုကျူးလွန်ခြင်းဆိုတဲ့ အဆိုးသံသရာထဲမှာပဲ ပြန်လည်ရောက်ရှိသွားစေနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေရဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဈ)နှင့် (ည)ပါ ပြဋ္ဌာန်းချက်များကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနဲ့ ရောထွေးခြင်း မရှိစေရန်အတွက် ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါတယ်။ ဒီပုဒ်မခွဲများဟာ မူလဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနဲ့ ဆက်စပ်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးမှု စုံစမ်းစစ်ဆေးသူများနှင့် တရားမဝင်ငွေကြေး စုံစမ်းစစ်ဆေးသူများကို တစ်ပြိုင်တည်း စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်စေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဈ)နှင့် (ည) တို့ကို ပယ်ဖျက်ခြင်း မပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(တ)ကို တရားခံလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၆၊ ပုဒ်မ(က)ပါ ပြဋ္ဌာန်းချက်များနဲ့အညီဖြစ်စေရန် အခြားနိုင်ငံက အလိုရှိသော မြန်မာနိုင်ငံသားမဟုတ်သည့် တရားခံဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မခွဲ(က) (ခ)နဲ့ (ဂ) တို့မှာ ဆေးဝါးသုံးစွဲသူကို မှတ်ပုံတင်ခြင်းနဲ့ ပတ်သက်တဲ့ စကားရပ်များကို ပယ်ဖျက်ထားပြီး မှတ်ပုံတင်ပယ်ဖျက်ခြင်းနဲ့ဆိုင်တဲ့ ပုဒ်မ ၁၀ ကိုလည်း ပယ်ဖျက်ထားပါတယ်။ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဂ)ရဲ့ နောက်တွင် ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မခွဲ(ဃ)(င)(စ)(ဆ)နဲ့ (ဇ)တို့ကို ထပ်မံဖြည့်စွက်ထားတာကို တွေ့ရှိရပါတယ်။ ပြင်ဆင်ချက်များအရ မူးယစ်ဆေးဝါးသုံးစွဲသူများကို မှတ်ပုံတင်ခြင်း မပြုလုပ်ဘဲ ပြစ်မှုကြောင်းအရ အရေးယူ

ဆောင်ရွက်မည့်အစား ကျန်းမာရေးဆိုင်ရာ ပြဿနာခံစားနေရသူအဖြစ် ရှုမြင်ပြီး ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်စေမှာဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းခြင်းဟာ မူးယစ်ဆေးဝါး သုံးစွဲသူ နည်းပါးပြီး တရားဥပဒေစိုးမိုးမှု အားကောင်းသော တစ်ဦးချင်းဝင်ငွေ ကောင်းမွန်၍ ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှုစနစ် ကောင်းမွန်သော ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် လက်တွေ့ လုပ်ကိုင်ရာမှာ အဆင်ပြေစွာဆောင်ရွက်နိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းတွေနဲ့လည်း ကိုက်ညီမှုရှိနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ဟာ စကားလုံးအားဖြင့် မည်မျှပင် ကောင်းမွန်နေစေကာမူ လက်တွေ့အကောင်အထည်ဖော် လိုက်နာကျင့်သုံးနိုင်ခြင်း မရှိရင်တော့ အကျိုးသက်ရောက်မှု အားနည်းပြီး ဆန့်ကျင်ဘက် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ကြီးက စဉ်းစားသုံးသပ်ပေးရမှာ ဖြစ်ပါတယ်။ ပထမဦးစွာ မူးယစ် ဆေးဝါးသုံးစွဲသူများကို ကုသမှုခံယူရမည့်လူနာများအဖြစ် သတ်မှတ်မည်ဆိုပါက နိုင်ငံတစ်ဝန်းလုံးမှာ ရှိတဲ့ မူးယစ်ဆေးဝါးသုံးစွဲသူ ခန့်မှန်းအရေအတွက်ကို စစ်တမ်းကောက်ယူရန် လိုအပ်လာမှာ ဖြစ်ပါ တယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးသုံးစွဲသူကို ပြစ်မှုကျူးလွန်သူလို့ မသတ်မှတ်တော့တဲ့အတွက် လက်တည့်စမ်းပြီး သုံးစွဲလိုတဲ့ လူငယ်များလည်း တိုးပွားလာနိုင်တာကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါတယ်။

ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မခွဲ(ဆ)နဲ့ (ဇ) အရ ပြန်လည်ထူထောင်ရေးစခန်းမှာ (၆)လကြာ ထားရှိပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူ ကုသပေးရမယ် ဆိုတဲ့ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရန် လုံလောက်တဲ့ ပြန်လည်ထူထောင်ရေးစခန်းများ ရှိ/မရှိ၊ ပြန်လည်ထူထောင်ရေးစခန်းမှာ ထားရှိစဉ် နေ့စဉ် ကျွေးမွေးစရိတ်၊ ဆေးကုသမှုစရိတ်တို့ကို နိုင်ငံတော် ဘဏ္ဍာငွေတစ်ခုတည်းမှ လုံလောက်စွာ ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ၊ စိတ်ရောဂါ အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနဲ့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမယ့် လူသားအရင်းအမြစ်များ ပြည့်စုံလုံလောက်မှု ရှိ/မရှိကို ဦးစွာဆန်းစစ်ပြီးမှသာ ဆောင်ရွက်သင့်တယ်လို့ အကြံပြု ဆွေးနွေး လိုပါတယ်။ ဆေးဝါးကုသမှုခံယူရန် လိုအပ်တဲ့ လူအရေအတွက်ပေါ် မူတည်ပြီး မူးယစ်ဆေးဝါး ကုသရေးဌာနနဲ့ ဂေဟာများကို မူးယစ်ဆေးဝါး သုံးစွဲသူများနဲ့ အနီးစပ်ဆုံးဖြစ်စေရန် အနည်းဆုံး ခရိုင်အဆင့်နဲ့ တရားဥပဒေစိုးမိုးမှု အားနည်းပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ အစွန်အဖျားဒေသ တွေမှာ မြို့နယ်အဆင့်အထိ ဖွင့်လှစ်ပေးရန် စီမံချက် ရေးဆွဲပြင်ဆင်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန် စေရန် တပ်ဖွဲ့ဝင်အင်အား ဖြည့်တင်းရေးအတွက် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကို ကြိုးစား ဆောင်ရွက်နေရဆဲအချိန်ဖြစ်လို့ Community Policing လို့ဆိုတဲ့ လူထုပါဝင်တဲ့ ရဲလုပ်ငန်းစဉ်ကိုပင် ချမှတ်ဆောင်ရွက်နေရချိန် ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ ယခင်က ပြန်လည်ထူထောင်ရေးစခန်း (၃)ခုရှိပြီး အခုအခါ ရွှေပြည်သာစခန်း(၁)ခုသာ လုပ်ငန်းများ လည်ပတ်နိုင်တော့တာကို တွေ့ရပါတယ်။ ရွှေပြည်သာစခန်း (ဝက်ထီးကန်)ဟာ မူလစတင် ဖွဲ့စည်းစဉ်က လူဦးရေ(၁၂၀၀)ဆံ့စခန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပေမယ့် အခုလက်ရှိအချိန်မှာတော့ အဆောက်အအုံ

များဟာ တင်ပြပါပုံစံအတိုင်း ပျက်စီးယိုယွင်းနေတာကို တွေ့ရပါတယ်။ ယခုအခါ စခန်းအနေနဲ့ မိဘများက လာရောက်အပ်နှံတဲ့ လူငယ်(၁၈)ဦးမှ (၂၀)ဦးခန့်ကိုသာ ရက်သတ္တပတ်(၈)ပတ်ကြာ ပြန်လည်ထူထောင်ရေး သင်တန်းများ ပို့ချနိုင်တော့တာကို လေ့လာတွေ့ရပါတယ်။

အလားတူ လူမှုဝန်ထမ်းဦးစီးဌာနမှာလည်း ပြန်လည်ထူထောင်ရေးစခန်း(၉)ခုရှိသော်လည်း လတ်တလော(၆)ခုသာ လုပ်ငန်းလည်ပတ်နိုင်ပြီး စခန်းတစ်ခုတွင် လူဦးရေ(၂၀)ဦးမှ (၃၀)ဦးကိုသာ (၃၅)ရက်ကြာ စခန်းအခြေပြု သင်ကြားပေးနိုင်တာကို တွေ့ရပါတယ်။ ဆေးကုသမှုခံယူပြီးတဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများကို အမှန်တကယ် လူမှုဘဝပြန်လည်ဝင်ဆံ့အောင် ဆောင်ရွက်ပေးတဲ့နေရာမှာ မူးယစ်ဆေးဝါးသုံးစွဲသူများရဲ့ ပညာအရည်အချင်း၊ အသက်အရွယ်၊ ကျား၊ မ ကွဲပြားမှုများအရ သင့်တော်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးနိုင်ရေး အတွက် ပညာရေးဝန်ကြီးဌာနမှ ပညာရပ်အလိုက် သင်ကြားပေးနိုင်တဲ့ ကျွမ်းကျင်ဆရာ၊ ဆရာမများ တွဲဖက်ဖြည့်တင်းပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့အလျောက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု ကန့်သတ်ချက်များကြောင့် ပြည်ပသို့ထွက်ခွာ၍ အောက်ခြေအလုပ်လုပ်ကိုင်နေရတဲ့ ရွှေ့ပြောင်းလုပ်သားများကိုပင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ရန်အတွက် နိုင်ငံတော်အနေနဲ့ ဘဏ္ဍာငွေ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ် ကန့်သတ်ချက်များကြောင့် ရုန်းကန်ကြိုးစားနေရချိန်မှာ မူးယစ်ဆေးစွဲသူများကို ပြစ်ဒဏ်ချမှတ်မှု မရှိဘဲ ကုသပေးရေးနဲ့ ပြန်လည်ထူထောင်ရေးသင်တန်းများပေးရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေနဲ့ လတ်တလော ဖြစ်နိုင်၊ မဖြစ်နိုင်ကို ချင့်ချိန်စဉ်းစား ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် ယခု ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းမည်ဆိုပါက ဥပဒေ၏အကျိုးသက်ရောက်မှုကာလကို လက်ရှိဆောင်ရွက်လျက်ရှိတဲ့ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး အနှစ်(၂၀)စီမံချက် ပြည့်မြောက်တဲ့ ၂၀၁၉ ခုနှစ် နောက်ပိုင်းမှသာ သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကို လတ်တလော ပြင်ဆင်ပြဋ္ဌာန်းအတည်ပြုလိုက်လျှင် မူးယစ်ဆေးဝါးသုံးစွဲသူများ ပိုမိုများပြားလာနိုင်ပြီး နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမလား ဆိုတာကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အခု ပြင်ဆင်ပြဋ္ဌာန်းမယ့် ဥပဒေအာဏာ သက်ရောက်မည့် ကာလမတိုင်မီ မူးယစ်ဗဟိုအဖွဲ့အတွက် လိုအပ်တဲ့ဘဏ္ဍာရန်ပုံငွေများကို အနီးစပ်ဆုံး ဘဏ္ဍာရေး နှစ်မှစ၍ နှစ်အလိုက် လျာထားသတ်မှတ်ပေးပြီး လိုအပ်သော လူသားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းနှင့် အခြေခံအဆောက်အအုံပိုင်း ဖြည့်တင်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဦးစွာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကိုကိုနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၅။**

**ဗိုလ်မှူးကိုကိုနိုင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက် အဆိုများနဲ့အတူ ထောက်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁/၉၃)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကိုတော့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။ ယခုပြင်ဆင်သည့် ဥပဒေကြမ်းမှာ ယခင်ဥပဒေပြဋ္ဌာန်းချက်များကို အစား ထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ဖြင့် ပြင်ဆင်ထားရှိပြီး ပုဒ်မ(၂၂)ခု ပါဝင်ကြောင်း တွေ့ရှိရ ပါတယ်။ ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ ပုဒ်မ ၁၁-က ကို ဆွေးနွေးလိုပါတယ်။ ၎င်းပုဒ်မရဲ့ အဆိုပြု ပြဋ္ဌာန်းချက်မှာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာစာချုပ်များ ဟု ဖော်ပြထား ရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာစာချုပ်များဟု ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံက သဘောတူ လက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက် ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများလို့ ပြင်ဆင်ချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ စကားရပ်နှင့် ရှေ့နောက် စကားရပ်နှစ်ခု ညီညွတ်မှု ရှိစေရန်အတွက်ဖြစ်ပါတယ်။ မူလဥပဒေနဲ့ ပြင်ဆင်တဲ့ဥပဒေကြမ်း နှစ်ခုလုံးရဲ့ ပုဒ်မ ၁၅ ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပြီး အခန်း(၇-က) ပုဒ်မ ၁၅ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းထားတဲ့အတွက် မူလဥပဒေအတိုင်းသာ ထားရှိသင့်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများ ဟာ ပြစ်မှုကြောင်းအရ အရေးယူခြင်းမပြုတော့ဘဲ ကျန်းမာရေး ဆိုင်ရာပြဿနာ ခံစားနေရသူ အဖြစ် ရှုမြင်ပြင်ဆင် ဆောင်ရွက်ခြင်းဟာ ကောင်းမွန်တဲ့ဆောင်ရွက်ချက် ဖြစ်ပါတယ်။ ဒါပေမဲ့ မူးယစ် ဆေးဝါးနဲ့ ပတ်သက်ပြီး ပြည်သူတစ်ရပ်လုံး နားလည်ပူးပေါင်း ဆောင်ရွက်လာစေဖို့ဆိုရင် အချိန်များစွာ ယူပြီး ပညာပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး နှစ်(၂၀) စီမံချက်ဟာ ၁၉၉၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိဖြစ်၍ ယနေ့တိုင် အကျုံးဝင်နေတဲ့စီမံချက်တစ်ရပ်

ဖြစ်ပါတယ်။ လုပ်ငန်းစဉ်များလည်း ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ ဒီစီမံချက်ကို အကောင်အထည်ဖော် ရာမှာ အဓိကအခက်အခဲဖြစ်တဲ့ အချက်(၂)ခုက နိုင်ငံတော်က ဘဏ္ဍာငွေ ပိုမိုဖြည့်တင်းပေးရန် လိုအပ်ခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာအကူအညီ အထောက်အပံ့များ ရရှိမှု နည်းပါးခြင်းတို့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံတော်အခြေအနေအရ ဒီစီမံချက်အရသာ ဆောင်ရွက်သင့်တဲ့ အခြေအနေ ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ရာမှာ ကြုံတွေ့နေရတဲ့အားနည်းချက်များကိုသာ ပြင်ဆင်ကြပ်မတ် ဆောင်ရွက်သင့်တဲ့ကာလ ဖြစ်ပါတယ်။ မိမိနိုင်ငံအနေဖြင့် ရွှေပြည်သာ(ဝက်ထီးကန်)၊ ရွှေပြည်သစ် (မူဆယ်)၊ ရွှေပြည်အေး(ဖယ်ခုံ)ဟူ၍ လူငယ်များပြုစုပျိုးထောင်ရေးဌာန(၃)ခု ရှိတဲ့အပြင် လက်ရှိ အခြေအနေမှာ ရွှေပြည်သာ(ဝက်ထီးကန်)လူငယ်များ ပြုစုပျိုးထောင်ရေးဌာနတစ်ခုသာ ဆေးစွဲလူနာ (၂၀)ဦးခန့်အား လက်ခံလေ့ကျင့်ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျန်ဌာန (၂)ခုမှာ လက်ခံဆောင်ရွက် ပေးနိုင်ခြင်း မရှိကြောင်း သိရှိရပါတယ်။ ဌာနများရှိ အဆောက်အအုံအချို့မှာ ကာလကြာရှည်စွာ အသုံးမပြုဘဲထားတဲ့အတွက် ပျက်စီးနေပြီး ပြန်လည်ပြုပြင် မွမ်းမံပြီးပါကလည်း ဌာနတစ်ခုလျှင် အင်အား(၅၀)ခန့်သာ လက်ခံနိုင်ပြီး ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း အင်အားလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှု ရှိ/မရှိ ဆိုတာကို သုံးသပ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဘိန်းဖြူစွဲ လူနာကုသခြင်းနှင့် စိတ်ကြွဆေးစွဲလူနာ ကုသခြင်းမှာ ကုထုံးခြင်းမတူကြောင်း သိရှိရပါတယ်။ စိတ်ကြွဆေးစွဲလူနာကုသခြင်းတွင် ပထမအဆင့်အနေနဲ့ စိတ်ကျန်းမာရေးဆရာဝန်ဖြင့် ကုသရန်လိုအပ်ပါတယ်။ စိတ်ကျန်းမာရေးဆရာဝန်မရှိလျှင် အထွေထွေကု သမားတော်၊ အထွေထွေကုသမားတော် မရှိလျှင် မူးယစ်ဆေးစွဲကု သင်တန်းတက်ရောက်ပြီးသော လက်ထောက်ဆရာဝန်များ လိုအပ်မှာ ဖြစ်ပါတယ်။

အထက်ပါ ဆရာဝန်များအရေအတွက် တစ်နိုင်ငံလုံးအနေနဲ့ လုံလောက်မှု ရှိ/မရှိ၊ ကုထုံး အလိုက် လိုအပ်သောဆေးဝါးများ လုံလောက်မှု ရှိ၊ မရှိနှင့် ၎င်းဆေးဝါးများ ဝယ်ယူရန် ဘဏ္ဍာငွေ လုံလောက်မှု ရှိ/မရှိ သုံးသပ်သင့်ပါတယ်။ အရေးကြီးဆုံးအချက်အနေနဲ့ ဤပုဒ်မကို ပယ်ဖျက်ပြဋ္ဌာန်း လိုက်လျှင် ဥပဒေအတိုင်း ထိရောက်စွာ ထိန်းချုပ်အကောင်အထည်မဖော်နိုင်မီ သုံးစွဲသူရာခိုင်နှုန်း မြင့်တက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဝယ်လိုအားများလာပြီး ထုတ်လုပ်မှုအား မြင့်တက်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိအခြေအနေမှာ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး စိုက်ပျိုး ထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါး သုံးစွဲသူ မြင့်တက်လာပြီး ထုတ်လုပ်မှုပါ ဒီထက်ပိုမြင့်တက်လာနိုင်တာကို သတိပြုသုံးသပ်သင့်ပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်း၌ ပုဒ်မ ၁၇ ရဲ့နောက်မှာ ပုဒ်မ ၁၇-က လို့ ဖြည့်စွက်ထားပါတယ်။ အဲဒီ ပုဒ်မ ၁၇-က မှာ ပြစ်ဒဏ် သတ်မှတ်ချက်အနေနဲ့ ထောင်ဒဏ်အနည်းဆုံး (၅)နှစ်မှ အများဆုံး(၁၀)နှစ်အထိ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၅ မှာ လုပ်ငန်းလိုင်စင်မရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှု ဆောင်ရွက်မှသာ ထောင်ဒဏ်(၅)နှစ် ချမှတ်နိုင်တာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယခု ပြစ်ဒဏ်သတ်မှတ်ချက်ဟာ ဆက်သွယ်ရေးဥပဒေပါ ပြစ်ဒဏ်သတ်မှတ်ချက်များနဲ့ နှိုင်းယှဉ်ပါက များလွန်းနေတာ တွေ့ရှိရတဲ့အတွက် ပြစ်ဒဏ် သတ်မှတ်ချက်ကို ပြစ်မှုနှင့် ပြစ်ဒဏ် မျှတနိုင်တဲ့ သတ်မှတ်ချက်ဖြစ်အောင် ပြင်ဆင် သတ်မှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်ဆောင်ရွက်ခြင်းဟာ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များနဲ့ ကွဲလွဲမှုများရှိနိုင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အခြေခံလိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဘဏ္ဍာငွေလိုအပ်ချက်များ အဆင်သင့်မဖြစ်သေးတဲ့အတွက် ဤဥပဒေ အတည်ဖြစ်သွားပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လိုက်ပါဆောင်ရွက်ရန် အခက်အခဲများစွာ ရှိလာနိုင်ပြီး အစိုးရအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သဖြင့် အခြေခံလိုအပ်ချက်များကို စီမံချက်ချမှတ် အကောင်အထည်ဖော်ပြီး အသင့်ဖြစ်ချိန်မှသာ ပြင်ဆင်ရန်နှင့် လတ်တလော ပြင်ဆင်ပြဋ္ဌာန်းရန် မသင့်သေးပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး စီမံချက်ပါ ဆောင်ရွက်ချက်များ မြင်ကွင်းပုံ(ဏဏ)



စီမံချက်အကောင်အထည်ဖော်ရာတွင် အဓိက အခက်အခဲအချက် (၂)ချက် စာရွက်မြင်ကွင်းပုံ(ဏဏ-၁)

**စီမံချက်အကောင်အထည်ဖော်ရာတွင် အဓိကအခက်အခဲ အချက် ၂ ချက်**

- နိုင်ငံတော်က ဘဏ္ဍာငွေ ပိုမိုဖြည့်တင်းပေးနိုင်ရန် လိုအပ်ခြင်း။
- နိုင်ငံတကာ အကူအညီ အထောက်အပံ့များ ရရှိမှုနည်းပါးခြင်း။

➢ လက်ရှိနိုင်ငံတော်၏ အခြေအနေအရ ဒီစီမံချက်အရ ဆောင်ရွက်သင့်သေးတဲ့ အခြေအနေဖြစ်ပြီး လက်တွေ့လုပ်ဆောင်ရာမှာကြုံတွေ့နေရတဲ့ အားနည်းချက်များကိုသာ ပြင်ဆင်ကြပ်မတ် ဆောင်ရွက်သင့်သည့် ကာလဖြစ်။

World Drug Report 2016 (ဏဏ-၂)




**အချိန်၊ ၁၂:၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို တစ်နာရီခန့် ခေတ္တခဏ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃:၃၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃:၃၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆက်လက် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးက ပြည်သူတွေကို အမှန်တကယ် ကိုယ်စားပြုပြီးတော့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အမှန်တကယ် အကျိုးပြုတဲ့ဥပဒေတွေ ပြဋ္ဌာန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

အခု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးအကြံပြုလိုတာကတော့ ပထမဦးဆုံးအချက်ကတော့ ပုဒ်မ ၂ (ဇ) ကို အဆိုပြုချက်အထဲမှာပါပေမယ့် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ အဲဒါကို ကျွန်တော် အဆိုပြုချက်အထဲမှာ ပြန်ပြီးတော့ ထည့်သွင်းဖို့အတွက် အကြံပြုလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကားရပ်ကို နောက်ပိုင်းအကြိမ်ကြိမ် တရားရုံးတွေမှာရော ကျွန်တော်တို့ ဥပဒေမှာရော အကြိမ်ကြိမ်သုံးစွဲဖို့ လိုအပ်လာတာဖြစ်တဲ့အတွက် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဖြည့်စွက်လိုတာကတော့ ဒီလူမှုရေးအဖွဲ့အစည်းများနဲ့ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်တွင် တရားရုံး အမိန့်ပါအတိုင်း၊ အမိန့်ပါအပြစ်ဒဏ်အတိုင်း ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ဆောင် ဆောင်ရွက် ပေးခြင်း ဆိုပြီးတော့ ကျွန်တော်က ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၃ နဲ့ ပတ်သက်ပြီးတော့ ရည်ရွယ်ချက်မှာ ကျွန်တော်တို့ အဆိုပြု ချက်မှာ ယန္တရားလို့ သုံးထားတဲ့ အသုံးအနှုန်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ လုပ်ငန်းစဉ်လို့ ပြင်ထားတာ တွေ့ရပါတယ်။ ကျွန်တော် နားလည်စဉ်းစားမိသလောက်ပြောရရင် Mechanism နဲ့ Process က ကျွန်တော်တို့ အဓိပ္ပာယ်မတူညီပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြင်ဆင်ချက်မှာ စောစောက လုပ်ငန်းစဉ်ဆိုတဲ့ စကားရပ်ရဲ့ရှေ့မှာ ကျွန်တော်တို့ အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ ဆိုပြီးတော့ ဖြည့်ဖို့အတွက် အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပုဒ်မ ၆ ပါ။ ဗဟိုအဖွဲ့ရဲ့ လုပ်ငန်းတာဝန်ပါ။ ပြည်ထောင်စု ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီး ဦးဆောင်တဲ့ မူးယစ်ဆေးဝါးဗဟိုအဖွဲ့ရဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့ (ဈ)နဲ့ (ည)ကို ပယ်ဖျက်ထားတဲ့အချက်ကို ကျွန်တော်က ကန့်ကွက်ပါတယ်။ ပြီးတော့ ထပ်ဖြည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုလို ကျွန်တော်တို့နိုင်ငံမှာ မူးယစ်ဆေးဝါးတွေကို ကွန်တိန်နာနဲ့ ကားစင်းလုံးတိုက်မိတယ်၊ ပိုင်ရှင်မပေါ်ဘူး၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူတွေ အဓိက လက်မည်းကြီးတွေကို မဖမ်းနိုင်တဲ့ အခြေအနေမျိုးမှာ ဗဟိုအဖွဲ့ကနေပြီးတော့ ပိုမိုပြီးတော့ တာဝန်ယူသင့်ပါလျက်နဲ့ ဒီတာဝန်ကို ရှောင်တဲ့သဘော၊ ခေါင်းရှောင်တဲ့သဘောမျိုး မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ (ဈ)နဲ့ (ည)ဖြစ်တဲ့ ကျွန်တော်တို့ ဗဟိုအဖွဲ့ရဲ့တာဝန်တွေဖြစ်တဲ့ ဒီမရွှေ့ပြောင်းနိုင်တဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ၊ ပြစ်မှုနဲ့ဆိုင်တဲ့ ပစ္စည်းတွေ လွှဲပြောင်းတာတွေ၊ အသွင်ပြောင်းတာတွေ၊ ငွေကြေးပစ္စည်းအကျိုးအမြတ်တွေကို ကျွန်တော်တို့ ထပ်ဖြည့်ချင်တာ စုံစမ်းဖော်ထုတ်ခြင်းအလုပ်ကိုလည်း ကျွန်တော်တို့ ဖြည့်စွက်ဖို့လိုပါတယ်။ အဲဒီအပြင် ဒါစောစောက (ဈ)ပါ။ (ည)ကတော့ သက်သေခံပစ္စည်း သိမ်းဆည်းတာတွေ၊ ဝရမ်းကပ် ချိပ်ပိတ်တာတွေကိုလည်း ဗဟိုအဖွဲ့ကနေပြီးတော့ ညွှန်ကြားနိုင်တယ်၊ စီမံခန့်ခွဲရမယ်ဆိုတဲ့ ကိစ္စတွေ ကျွန်တော်တို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထပ်ဖြည့်ပေးဖို့လိုပါတယ်။

ကျွန်တော်တို့ အခန်း(၇)မှာ သက်သေခံပစ္စည်းတွေ ရှာဖွေသိမ်းဆည်းတယ်၊ ပြဋ္ဌာန်းချက်ရှိပြီးလို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ ဒါအမှုကိုင် အမှုစစ်ရဲ့ လုပ်ရမယ့် လုပ်ငန်းပါ။ အခု (ဈ)နဲ့ (ည)ဟာ တစ်နိုင်ငံလုံးနဲ့ ချီပြီးတော့ ဗဟိုအဖွဲ့ရဲ့ လုပ်ငန်းတာဝန်ကို လျှော့ချဖို့၊ ပယ်ဖျက်ဖို့ လုံးဝမသင့်ကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခါ ပုဒ်မ ၆ ရဲ့ နောက်မှာ ကျွန်တော်တို့ (တ)အနေနဲ့ ဗဟိုအဖွဲ့သည် တစ်နှစ်လျှင် အနည်းဆုံး (၁)ကြိမ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးတော့ ပြည်သူတွေကို ရှင်းလင်းတင်ပြသင့်တယ် ဆိုတဲ့အချက်ကိုလည်း ထပ်ဖြည့်ချင်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၁၅ ပါ၊ စောစောတုန်းက အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပါပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီမှာ ဒီအတိုင်း ပြဋ္ဌာန်းရမယ့်အပြင် ဖြည့်စွက်ချင်တာကတော့ ပထမအကြိမ်အနေနဲ့ဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ကျွန်တော်တို့ ဒီလူမှုရေးပြစ်ဒဏ်ချမှတ်ခြင်းဟာ တကယ်တမ်းကျတော့ ကမ္ဘာနဲ့ယှဉ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ယဉ်ကျေးမှုအဆင့်ကို မြှင့်တင်ခြင်းသာ ဖြစ်တယ်လို့ ကျွန်တော် မှတ်ယူပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို လက်ခံပါတယ်။ သို့သော်လည်း အကြိမ်ကြိမ်ထပ်ပြီးတော့ ကျူးလွန်နေမယ်ဆိုရင်တော့ ဒါသည် ကျွန်တော်တို့ ပတ်ဝန်းကျင်ကိုရော၊ မိသားစုရော ထိခိုက်လာနိုင်တဲ့အတွက် ဒုတိယအကြိမ် ဖောက်ဖျက်လို့ရှိရင် ကျွန်တော်တို့ မူလချမှတ်တဲ့ ပြစ်ဒဏ်ရဲ့ နှစ်ဆကိုလည်းကောင်း၊ တတိယအကြိမ်နဲ့အထက် ကျူးလွန်သူများအပေါ်မှာတော့ ထောင်ဒဏ်အနည်းဆုံး (၁)နှစ်မှ အများဆုံး(၃)နှစ်အထိ ချမှတ်ရမယ်လို့ ကျွန်တော်တော့ ဖြည့်စွက်ချင်ပါတယ်။ နောက်တစ်ခါ ပုဒ်မ ၆ နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ကြေညာတဲ့နေရာမှာ နိုင်ငံပိုင်သတင်းစာတွေကနေ ကြေညာသင့်တယ်လို့ ဖြည့်စွက်ချင်ပါတယ်။

နောက်ဆုံးတင်ပြချင်တာကတော့ ပုဒ်မ ၂၈ နောက်မှာ ပုဒ်မ ၂၉ အဖြစ် ကျွန်တော်တို့ ဒီပြင်ဆင်သည့် ဥပဒေ မပြဋ္ဌာန်းမီက ပြစ်ဒဏ်ကျခံသူများနှင့် စစ်ဆေးစီရင်ဆဲပြစ်မှုများသည်

ဤပြင်ဆင်ချက် ဥပဒေပါ အခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်ရရှိစေရမည်လို့ ကျွန်တော်တို့ ဖြည့်စွက်ဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေတွေက ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်ကြောင်းပြန်ပြီးတော့ ပြစ်မှုတွေက သတ်မှတ်လို့ မရပါဘူး။ သို့သော်လည်း ဒီဟာကို လက်ရှိ ပြစ်ဒဏ်ကျခံနေရတဲ့လူတွေလည်း ဒီဥပဒေပြင်ဆင်ချက်ကို ခံစားခွင့်ရအောင် ဒီလိုဖြည့်စွက်ပြင်ဆင်ဖို့ အကြံပြုရင်းနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၄၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း အပေါ်မှာ ဆွေးနွေးသွားပါမယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အခန်း(၈)၊ (က) ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အထဲမှ ပုဒ်မ ၂၈၊ (ဂ) (က)နဲ့ ပုဒ်မခွဲ (က)နဲ့ ပုဒ်မခွဲ (ခ)ကို ကျွန်တော် ဆွေးနွေးသွားပါမယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၈)(က)ပုဒ်မ ၂၈(ဂ)၊ ပုဒ်မခွဲ(က)တွင် ပုဒ်မ ၂၄ ၊ ပုဒ်မခွဲ(က)(ခ)အရ ပြစ်မှုနဲ့သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ငွေကြေးများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းမည်ဟု ချမှတ်၍ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဆိုပြီး ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဒီပုဒ်မအပေါ်မှာ ဒီပုဒ်မရဲ့ စာကြောင်း နောက်ဆုံးစာကြောင်းဖြစ်တဲ့ ပြည်ထောင်စု ရန်ပုံငွေသို့ ပေးသွင်းရမည်ဆိုတဲ့နေရာမှာ အဆိုပြု ပြဋ္ဌာန်းချက်မှာပါရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေသို့ ပေးသွင်းရမည်ဆိုတဲ့အချက်ကို ကျွန်တော် ထောက်ခံချင်ပါတယ်။ အဲဒါကို ထည့်သွင်းပြဋ္ဌာန်းစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်မည်ဟု ကြွေးကြော်ပြီး ချီတက်နေတဲ့အချိန်ကာလမှာ ဗဟိုချုပ်ကိုင်မှုကိုလည်း လျှော့ချနိုင်တဲ့အပြင် ယခုလက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေကို ဘဏ္ဍာငွေ ခွဲဝေမှုမှာ ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေမှ ဘီလီယံပေါင်း (၁၇၀၀)ကျော်ကို ထောက်ပံ့နေရတယ်ဟု ပါရှိပါတယ်။ အဲဒီထောက်ပံ့မှုကိုလည်း လျော့နည်းစေလာမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပုဒ်မ ၂၈ (ဂ)၊ ပုဒ်မခွဲ(ခ)တွင် ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ(က)အရ ပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက်

အသုံးပြုရန်ဆိုပြီး ဖြည့်စွက်ပြင်ဆင်ထားတာ တွေ့ရပါတယ်။ အဲဒီပုဒ်မမှာလည်း စကားရပ် တချို့ပါ ရာခိုင်နှုန်းတစ်ရပ်ဆိုတဲ့ စကားရပ်ကို ကျွန်တော် တိကျမှုရှိအောင် လိုအပ်သလို အသုံးပြုနိုင်သလို ဖြစ်နေပါတယ်။ ကျွန်တော့်အနေနဲ့က ခန့်မှန်းခြေရာခိုင်နှုန်း အနည်းဆုံး တစ်ရပ်ရပ်ကို ထည့်သွင်း ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ကျွန်တော် ဆွေးနွေးလိုတာတော့ ဒီပုဒ်မ (၂)ခု ပါပဲ။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၆။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။

ကျွန်တော့်အနေနဲ့ ပထမဦးဆုံးဆွေးနွေးမှာက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ အပိုဒ် (၉)၊ အခန်း(၅) ခေါင်းစဉ်မှာ ဆေးဝါး သုံးစွဲသူကို မှတ်ပုံတင်ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း ဆိုသည့် မှတ်ပုံတင်ဆိုတာကို ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်အပိုဒ်(၉)၊ အပိုဒ်ခွဲ(က)မှာ မှတ်ပုံတင်၍ ဆေးကုသမှုခံယူရမည်၊ အပိုဒ်ခွဲ(ခ)မှာ မှတ်ပုံတင်ဆေးကုသပေးရေးနှင့် အပိုဒ်ခွဲ(ဂ)မှာ မှတ်ပုံတင် ဆေးကုသခံယူသောလို့ ခေါင်းစဉ်နှင့် တူညီစွာ ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ ဖြည့်စွက်ချက်အပိုဒ် (ဃ)ကနေ(ဈ)အထိ တို့ကတော့ ကျွန်တော်လည်း သဘောတူပါတယ်။ အင်မတန် ကောင်းပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိပြီးတဲ့ အမှုပေါင်း (၈၀၀၀) ရှိခဲ့ ပြီးတော့ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနဲ့ ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှု တန်ဖိုးက ကျပ်သန်းပေါင်း(၆၆၀၀၀)ကျော်ဖြစ်တယ်လို့ ၂၆-၆-၂၀၁၇ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနဲ့ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားမှာ ဒုတိယသမ္မတ ဦးမြင့်ဆွေ က ပြောပါတယ်။ ဖမ်းဆီးရရှိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခု အတွင်း မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ မှုခင်းတွေ၊ အန္တရာယ်တွေ၊ ကြောက်ရွံ့မှုတွေ ဘယ်လောက် လျှော့ချနိုင်တယ်ဆိုတဲ့ အညွှန်းတွေနဲ့ ကျွန်တော်တို့ တိုင်းတာရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာခုံရုံး UNODC ရဲ့ ၂၀၁၆ ခုနှစ်၊ အစီရင်ခံစာအရ လူဦးရေ(၂၉)သန်းခန့်က မူးယစ်ဆေးစွဲရောဂါခံစားနေရတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံ မှာ ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးခြင်းနဲ့ ပြန်လည်ထူထောင်ပေးခြင်း ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆေးကုသပေးတဲ့ လူဦးရေ၊ ဆေးကုသမှုခံယူသူများရဲ့ အသက် အပိုင်းအခြား သုံးစွဲတဲ့နည်းလမ်း၊ ပညာအရည်အချင်း၊ ကိုးကွယ်တဲ့ဘာသာ၊ အလုပ်အကိုင် စတဲ့

အချက်အလက်တွေကို စနစ်တကျဖြစ်စေဖို့အတွက် တိတိကျကျရရှိဖို့ဆိုရင် စတင်ဆေးကုသပေးပြီး ဆိုကတည်းက မှတ်ပုံတင်စာရင်းပြုစုဖို့က မဖြစ်မနေလိုအပ်လို့ ဖြစ်ပါတယ်။

နောက်တစ်ခုက ပြင်ဆင်တဲ့ဥပဒေကြမ်းရဲ့ အပိုဒ်(၁၀)၊ မူလဥပဒေရဲ့ ပုဒ်မ ၁၀ ကို ပယ်ဖျက်တာကိုလည်း ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ မှတ်ပုံတင်ထားခြင်းကတော့ ရှိနေရမှာဖြစ်ပြီး ဆေးကုသပေးခြင်းနဲ့ ပြန်လည်ထူထောင်ပေးခြင်းကို အမြဲမပြတ် ဆက်လက်စောင့်ကြပ်ကြည့်ရှုပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်း၊ ပြန်လည်ထူထောင်ပြီးသူများ လူ့အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဆေးဝါးပြန်လည်မသုံးစွဲဖို့အတွက် မူးယစ်ကြီးကြပ်ရေးမှုးအသင်းများက နောက်ဆက်တွဲ ဆက်လက်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာလည်း တိကျတဲ့စာရင်းများ လိုအပ်မှာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် (၁၅)၊ မူလဥပဒေရဲ့ ပုဒ်မ ၁၅ နဲ့ ပတ်သက်ပြီးတော့ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြစ်ဒဏ်လျှော့ပေါ့ချမှတ်နိုင်ရေးအတွက် ပြင်ဆင်တယ်လို့ အကျိုးအကြောင်းရှင်းလင်းထားပြီး ဥပဒေကြမ်းတင်သွင်းရတဲ့ ရည်ရွယ်ချက်မှာလည်း လက်ရှိ နိုင်ငံတကာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြစ်မှုကြောင်းအရ အရေးယူမှုမပြုတော့ဘဲ ကျန်းမာရေးဆိုင်ရာ ပြဿနာ ခံစားနေရသူများအဖြစ် ရှုမြင်၍ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း ဆိုတာကို ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီနေရာမှာ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံ အဲဒီလို တစ်ထပ်တည်း မူးယစ်ဆေးဝါးကိစ္စများ ရှုမြင်ကြည့်လို့ ရပါ့မလား။ ဆေးကုသပေးတာနဲ့ ပြန်လည်ထူထောင်ပေးတာကတော့ လိုအပ်ပါတယ်။ ပုဒ်မ ၁၅ မှာ မှတ်ပုံတင်ပြီး ဆေးဝါးကုသမှု ခံယူသူများအတွက် အပြစ်ဒဏ်ပေးထားတာမဟုတ်ပါဘူး။ မှတ်ပုံတင်ဆေးကုသမှု မပြုလုပ်တဲ့ ဆေးသုံးစွဲသူကိုသာ အပြစ်ပေးဖို့ ပြဋ္ဌာန်းထားတာပါ။ ဒီလိုပြစ်ဒဏ်ရှိနေတာတောင် မူးယစ်ဆေးဝါးသုံးစွဲသူတွေ ဘယ်လောက်များနေပြီလဲ။ မှတ်ပုံတင်ဆေးကုသမှုမပြုဘဲ ဆေးသုံးစွဲသူတွေ ဖမ်းမိရင် လူမှုရေး အပြစ်ဒဏ်သာ ရှိတယ်လို့ ဆိုလိုက်တာနဲ့ တိုးပွားလာမယ့် မူးယစ်ဆေးသုံးစွဲသူတွေ မမျှော်မှန်းနိုင်အောင် တွေ့ရပါလိမ့်မယ်။

နောက်တစ်ချက်က သုံးစွဲသူအများစုဟာ ဆင်းရဲသူအများစုပါ။ အကြောင်းအမျိုးမျိုးနဲ့ ဆေးစွဲသွားကြပြီး နောက်ပိုင်း ကိုယ်ပိုင်သုံးစွဲဖို့ ဆေးရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ဖြန့်ဖြူးလာတာကို တွေ့ရပါတယ်။ ပြဿနာတစ်ခုက လာဘ်ပေးလာဘ်ယူကိစ္စပါ။ ကျွန်တော်တို့နိုင်ငံမှာ အဂတိအကြီးစား ပေါ်ပေါက်နေတဲ့ လောကတစ်ခုက မူးယစ်ဆေးဝါးလောကပါ။ ကြီးမားပါတယ်။ ကျယ်ပြန့်ပါတယ်။ ဖြန့်ဖြူးသူဟာ ဖမ်းမိလိုက်တာနဲ့ သက်သာတဲ့ သုံးစွဲသူအဖြစ်နဲ့ လာဘ်ပေးပြီးတော့ ပြောင်းလဲလိုက်ဖို့ အင်မတန်လွယ်ကူသွားလို့ ဖြစ်ပါတယ်။ မူလဥပဒေရဲ့ ရည်ရွယ်ချက်အောင်မြင်ဖို့အတွက် အဟန့်အတား ဖြစ်သွားပါလိမ့်မယ်။ ဒီအပိုဒ်နဲ့ ဆက်စပ်တဲ့ အပိုဒ်(၂၅)၊ ပုဒ်မ ၂၅ ရဲ့ ပြင်ဆင်ချက်ကလည်း လွတ်လွတ်လပ်လပ် ကြိုက်သလို မူးယစ်ဆေး သုံးစွဲကြတော့လို့ ပြဋ္ဌာန်းပေးသလို ဖြစ်သွားပါလိမ့်မယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနဲ့ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ A Listen frist ဆိုတဲ့ ဦးစွာ နားထောင်ပေးပါဆိုတဲ့ နေရာမှာ မူးယစ်ဆေးသုံးစွဲသူ လူကြီးလူငယ်အများစုက အဖမ်းခံရရင် လူမှုရေးအပြစ်ဒဏ်ပဲရှိတာမို့ သုံးစွဲဖြစ်နေတာပါဆိုတဲ့ အသံကို မကြားလိုတဲ့အတွက် ကျွန်တော် အခုလို ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၁။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါ ဆိုပြီးတော့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော့် ရှေ့၊ ရှေ့မှာလည်း ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး တော်တော်များများ ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ တော်တော်များများလည်း တူနေတဲ့ အချက်တွေ တွေ့ရတဲ့အတွက် အဓိက ကျွန်တော် အကြံပြုချက် (၂)ချက်နဲ့ အသစ်ဖြည့်စွက်ချက် (၁)ချက်ကိုသာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာကြည့်တဲ့ အခါမှာ အဓိကအချက်ကတော့ ကျွန်တော်တို့က ဆေးဝါးသုံးစွဲသူတွေကို ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ အရ အရေးယူခြင်းမဟုတ်ဘဲနဲ့ လူမှုရေးအကျိုးလုပ်ငန်း လုပ်ရမယ်၊ လူမှုရေးပြစ်ဒဏ်သာ ချမှတ် ပေးမယ်ဆိုတဲ့ အဓိကအချက်ကို ကျွန်တော်တို့ တွေ့ရပါမယ်။ ဆိုတော့ ဒီလိုမျိုး ဆေးဝါးသုံးစွဲသူတွေကို လူမှုရေးပြစ်ဒဏ်ပဲပေးမယ်ဆိုတဲ့အတွက် ပထမဦးစွာ ကြိုဆိုပါတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။ ဒါပေမယ့်လည်း ခုနက ရှေ့က ကိုယ်စားလှယ်ကြီးပြောသွားသလိုပဲ ပထမအကြိမ် ကျွန်တော်တို့ ဒီဥပဒေမှာ ကျွန်တော်တို့ အားလုံးလေ့လာကြည့်မယ်ဆိုရင် ပထမအဆင့် ဒီဆေးဝါးသုံးစွဲသူတွေကို သာမန်ရဲတပ်ဖွဲ့ဝင် တစ်ဦးကနေစပြီးတော့ ကျွန်တော်တို့ ဒီကျန်းမာရေးမှာ ဆေးစစ်ဖို့အတွက် အဖြေ ထွက်လာပြီဆိုတာနဲ့ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုဂေဟာကို ပို့ပေးနိုင်တယ်ဆိုတဲ့ အကြောင်းကို ထည့်ပြီးတော့ ရေးဆွဲထားတာတွေ့ရပါတယ်။ ဆိုတော့ ဒုတိယအကြိမ် ဖြစ်လာရင်ရော ဒီလိုပဲ ကျွန်တော်တို့ ဘာတွေလုပ်မလဲပေ့ါနော်၊ အဲဒီဟာ ကျွန်တော့်အနေနဲ့ အကြံပြုချက် ပေးလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ဒီ ပြီးခဲ့တဲ့ ကျွန်တော်တို့ မူလဥပဒေမှာရှိတဲ့ ၁၉၉၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ထွက်ရှိပြီးသားဖြစ်တဲ့ အမိန့်၊ ညွှန်ကြားချက်တွေကိုလည်း တချို့လက်ရှိ ဥပဒေနဲ့ မညီတဲ့ဟာတွေကိုလည်း ပြန်လည်ပြီးတော့ ပြင်ဆင်သင့်တယ်၊ ဒါမှမဟုတ် ကျွန်တော်တို့ အမိန့်ကြော်ငြာစာတွေကို ပြန်လည် ရုပ်သိမ်းသင့်တယ်

ဆိုတဲ့အကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ဥပမာပေးရမယ်ဆိုရင် ကျွန်တော်တို့ ၁၉၉၅ ခုနှစ်က ထုတ်ထားတဲ့ ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမိန့်၊ ညွှန်ကြားချက်တစ်ခုမှာ ကျန်းမာရေးဌာနမှာရှိတဲ့ ဆရာဝန်တွေကို ထုတ်ထားတဲ့ အမိန့်၊ ညွှန်ကြားချက်တစ်ခုမှာဆိုရင် ဆရာဝန်တွေသည် ကျွန်တော်တို့ ညွှန်ကြားချက်မရှိဘဲနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ဆေးဝါးထုတ်ပေးခွင့်မရှိပါဘူး။ ပြီးတော့ သတ်မှတ်ထားတဲ့နေရာ၊ ကျန်းမာရေးအဆောက်အအုံ မဟုတ်ဘူးဆိုရင် ဆရာဝန်တွေက ဆေးကုသခွင့်မရှိပါဘူး။ အဲဒီတော့ Guide Line ပုံစံမျိုးပေါ့၊ ကျွန်တော်တို့ ချပေးထားတာကို ကျွန်တော်တို့ တွေ့ရတယ်။ လက်ရှိ ပြန်လည်ပြင်ဆင်မယ့် ဥပဒေနဲ့ဆိုရင် ဒီညွှန်ကြားချက်က မကိုက်ညီတော့တဲ့အတွက် ဒါကိုလည်း ပြန်လည်ပြီးတော့ ရုပ်သိမ်းဖို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်သင့်တယ်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ အကြံပြုချက်(၂)အနေနဲ့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

အသစ်ဖြည့်စွက်ချက်တစ်ခုမှာ ကျွန်တော် အထွေထွေအခန်းမှာ ဖြည့်စွက်ချင်ပါတယ်။ ရှေ့က ကိုယ်စားလှယ်ကြီးလည်း ပြောပြီးသားလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုပြဋ္ဌာန်းမယ့် ဥပဒေသည်၊ ပြန်လည်ပြင်ဆင်တဲ့ ဥပဒေသည် မူးယစ်ဆေးဝါးသုံးစွဲသူတွေကို လူမှုရေးပြစ်ဒဏ်ပေးမှာဖြစ်တဲ့အတွက် အရင့်အရင်က မူးယစ်ဆေးဝါး သုံးစွဲသူတွေကိုလည်း ဒီဥပဒေရဲ့ အကျိုးကို ခံစားစေချင်တာဖြစ်တဲ့အတွက် ကျွန်တော် အသစ်ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ဥပဒေအခန်း(၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)မှာလည်း ကျွန်တော်တို့ ဆိုထားပါတယ်။ နောက်ကြောင်းပြန်ရင် ကျွန်တော်တို့ အကျိုးသက်ရောက်မှုမရှိဘူးလို့ ရေးထားရင် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိစေရဘူး။ အကယ်၍ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားမယ်ဆိုရင်တော့ ပြန်ပြီးတော့ သက်ရောက်လို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်နေတာဖြစ်တဲ့အတွက် ဤဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု ရှိစေရမည်ဟုဆိုပြီးတော့ အထွေထွေအခန်းမှာ အသစ်ပြန်လည် ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပြင်ဆင်ချက်(၁)ခုနဲ့ ပယ်ဖျက်ချက်(၁)ခု၊ အသစ်ဖြည့်စွက်ချက်(၂)ချက်ကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော် ပထမဆုံးအနေနဲ့ ပုဒ်မ ၉(ဂ)ရဲ့ ပုဒ်မခွဲငယ်(ဃ)ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်သည် မူးယစ်ဆေး သုံးစွဲကြောင်း သံသယရှိသူအား ပထမစစ်ဆေးချက်ခံယူရန်နှင့် မူးယစ်ဆေးသုံးစွဲကြောင်း တွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ဌာန၊ ဂေဟာ၊ သို့မဟုတ် ဤကိစ္စအလို့ငှာ အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုဌာန၊ ဂေဟာသို့ အပ်နှံနိုင်သည် လို့ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်ဖြည့်စွက်ချင်တာက အနီရောင်နဲ့ပြထားတဲ့ သို့ရာတွင် လက်ဝယ်ထားရှိကြောင်း ပေါ်ပေါက်ပါက တည်ဆဲဥပဒေနှင့်အညီ တရားရုံးကို တင်ပို့ရမည် ကျွန်တော် ဒါ ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ဒါက ဘာလဲ မူးယစ်ဆေး သုံးစွဲသူတွေဟာ နောက်ပိုင်း ဘာဖြစ်လာလဲ ဆိုတော့ ဒီမူးယစ်ဆေးဝါးတွေကို လက်လီရောင်းသူတွေဟာ သုံးလည်းသုံး၊ ရောင်းလည်းရောင်း ဖြစ်နေတာ သုံး၊ ရောင်းဖြစ်နေတဲ့အတွက် ကျွန်တော်တို့ ဒါဟာ ဥပဒေအရ လက်ဝယ်ထားရှိကြောင်း တွေ့ရှိရင် ဒါ ဥပဒေအရ တရားစွဲဆိုရမှာ ဖြစ်တဲ့အတွက် သုံး၊ ရောင်းသူတွေ ဖြစ်နေတဲ့အတွက် ဒီဥပဒေကို ကျွန်တော်က ပြစ်ဒဏ် ပေးသင့်တယ်လို့ ယူဆပြီးတော့ ကျွန်တော်က ဒါကို ဆွေးနွေးတာ ဖြစ်ပါတယ်။ လက်ဝယ်ထားရှိခြင်း ဆိုတဲ့နေရာမှာလည်း မူလဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတိုင်း လူတစ်ဦးရဲ့ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်ပစ္စည်း တစ်ခုခု၌ရှိခြင်း အစီအမံထားရှိခြင်းတို့လည်း ပါဝင်ပါတယ်။

နောက်ထပ် ကျွန်တော် ပုဒ်မ ၁၀ ကို ဆွေးနွေးပါမယ်။ ပုဒ်မ ၁၀ က ကျွန်တော်က အသစ်ဖြည့်စွက်တာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ က ဥပဒေကြမ်းကော်မတီက မူလဥပဒေ ၁၀ ကို ပယ်ဖျက်ထားပါတယ်။ ဒီပယ်ဖျက်ထားတဲ့နေရာမှာ ကျွန်တော်က အစားထိုး ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။ မူးယစ်ဆေးသုံးစွဲသူ ဆေးကုသမှု ခံယူနေစဉ် ထိုသူအား မှီခိုနေသော မိသားစုကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမယ်လို့ အသစ် ပြဋ္ဌာန်းတာ ဖြစ်ပါတယ်။ မူလဥပဒေ ၁၁ မှာ ဆေးကုသခံယူနေတဲ့ မှီခိုနေသော မိသားစုကို လိုအပ်သလို ကူညီစောင့်ရှောက်ရမယ်လို့ မူလဥပဒေမှာလည်း ပြဋ္ဌာန်းထားခြင်း ရှိတဲ့အတွက် ဥပဒေမှာ ပြန်ပြီးတော့ ကျွန်တော်တို့ ပြန်ပြင်ဆင်ပြီးတော့ ထည့်သင့်တယ်လို့ ဒါကလည်း ဒီဥပဒေထုတ်တဲ့ ရည်ရွယ်ချက် ရှိတယ်။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်တွေကလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ ဆေးသုံးစွဲနေတဲ့ လူတွေက လမ်းကြောင်းမှန်ပေါ် ပြန်တက်ချင်ပေမယ့် မိမိ ရဲ့ သူ့ရဲ့ Back Ground ကို ပြန်ငဲ့တယ်။ မိသားစုရဲ့ စားဝတ်နေရေးကြောင့် သူဟာ မူးယစ်ဆေး သားကောင်အဖြစ်နဲ့ပဲ ရှေ့ဆက်တိုးခဲ့တာတွေ ရှိပါတယ်။ ဒါကလည်း မိမိကို မှီခိုနေတဲ့ မိသားစု စားဝတ်နေရေးကို နိုင်ငံတော်ကနေပြီးတော့ တတ်နိုင်သလောက် ကူညီထောက်ပံ့တယ်ဆိုရင် ဆေးသုံးစွဲနေတဲ့ သူတွေဟာ ဆေးဖြတ်ချင်တဲ့စိတ် ပေါ်ပေါက်လာမယ်။ နောက်ပြီးတော့ လမ်းကြောင်းမှန်ကို ပြန်ရောက်နိုင်တဲ့အတွက် ဒီပြဋ္ဌာန်းချက်ကို ကျွန်တော်က အသစ်ဖြည့်စွက်ချင်တာလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၅ က မူလဥပဒေပယ်ဖျက်မှာ ပယ်ဖျက်ချင်တဲ့ပုဒ်မ ဖြစ်ပါတယ်။ ဒီပယ်ဖျက်တဲ့နေရာမှာ ကျွန်တော် ပုဒ်မ ၁၅ ကို အသစ်ဖြည့်စွက်ချင်တာကတော့ မူးယစ်ဆေးသုံးစွဲသူသည် အသက်(၁၆)နှစ် မပြည့်သေးသူ ဖြစ်ပါက လိုအပ်လျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တည်ထောင်ထားတဲ့ ထိန်းသိမ်းရေးစခန်း

သို့မဟုတ် စေတနာ့ဝန်ထမ်းဂေဟာသို့ ပို့အပ်ရမည် ထိုစကားရပ်တွင် မိဘအုပ်ထိန်းသူ သို့မဟုတ် ကြီးကြပ်သူထံ သုံးနှစ်ထက် မပိုသော ကာလအတွင်း မူးယစ်ဆေးဝါး မသုံးစွဲစေရန် ခံဝန်ချုပ်ဖြင့်လည်း အပ်နိုင်သည်လို့ အသစ်ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။ ဒါကလည်း ပညာသင်ကြားနေဆဲဖြစ်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ (၁၆)နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေဟာ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရင်းကနေပြီးတော့ ကလေးသူငယ်တွေဟာ ဒါ မူးယစ်ဆေးဝါးကို သုံးစွဲမိတာလည်းဖြစ် ပါတယ်။ ဒီကလေးသူငယ်တွေ ဖြစ်ပြီဆိုရင် ကလေးသူငယ်တွေ ပြုစုပျိုးထောင်ရာမှာ မိဘအုပ်ထိန်း သူသာလျှင် မူလတာဝန်ဖြစ်တယ်လို့ ကလေးသူငယ်နဲ့ပတ်သက်တဲ့ အခွင့်အရေးဆိုင်ရာ ဥပဒေတွေ နိဒါန်းတွေမှာ ရှိထားပါတယ်။

ဒါကြောင့်မို့လို့ ဒီကလေးသူငယ်တွေ ပြစ်မှုကျူးလွန်တဲ့အခါမှာ မြို့နယ်ကလေးသူငယ် တရားရုံးက တရားသူကြီးရဲ့ ဆင်ခြင်တုံတရားမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၅၀၆ အရလည်း သူက ကျင့်သုံးခွင့်ရှိတယ်။ စီရင်ခွင့်အာဏာ ရှိပါတယ်။ ထိုကလေးသူငယ်ကို ဆိုဆုံးမ၍ ပြန်လွှတ် ပေးနိုင်တယ်။ နောက်ပြီးတော့ ခံဝန်ချုပ်နဲ့လည်း အစမ်းသပ်လွှတ်ထားခြင်းမျိုးလည်း ပြုနိုင်ပါတယ်။ ဒါက ဘာလဲဆိုတော့ ဥပဒေအရ အကာအကွယ်ပေးထားခြင်းလည်း ဖြစ်တယ်။ ဒါ ပြစ်မှုပြစ်ဒဏ် စီရင်ခြင်း မဟုတ်တဲ့အတွက် ဒီလိုဖြည့်စွက်ရခြင်း ဒီကလေးသူငယ်တွေကို နိုင်ငံတော်က အလေး ထားရာ ရောက်သလို ကာကွယ်ရာလည်း ရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို အသစ် ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၉။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတွေကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ဒီဥပဒေကို ပြင်ဆင်တဲ့ဥပဒေနဲ့ပတ်သက်ပြီးတော့ ရှေ့က ကိုယ်စားလှယ်တော်ကြီး များဟာ ပြင်ဆင်လိုတဲ့ အပိုဒ် အချက်အလက်များကို တစ်ခုချင်း ဆွေးနွေးပြီးတော့ ရှင်းလင်းသွားခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဥပဒေကို ပြင်ဆင်ရခြင်းရဲ့ အနှစ်သာရနဲ့ ပြင်ဆင်ရခြင်းရဲ့ အချိန်ကာလဆိုတဲ့ ရှုထောင့်(၂)ခုကနေပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော်တို့ ပြင်ဆင်ရတဲ့ အဓိကအခြေခံအကြောင်း (၁)ချက် ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ ၁၉၆၁ ခုနှစ်မှာ ကုလသမဂ္ဂရဲ့ ဌာနချုပ်မှာ လုပ်ခဲ့တဲ့ နိုင်ငံပေါင်း (၇၃)နိုင်ငံ ပါဝင်ခဲ့တဲ့ (Single Convention On Narcotic Drug, 1961) ဆိုတဲ့ ညှိနှိုင်းချက်မှာ မြန်မာနိုင်ငံလည်း ကိုယ်စားပြု တက်ရောက်ခဲ့ပါတယ်။

အဲဒီလို ကိုယ်စားပြုတက်ရောက်ခဲ့တဲ့ ဒီဥပဒေထဲမှာ Article 38 မှာ ကျွန်တော် ဘာဖော်ပြထားလဲဆိုတော့ ကျွန်တော်တို့ ဒီအဖွဲ့ဝင်နိုင်ငံများဟာ မူးယစ်ဆေးဝါးနဲ့ သုံးစွဲသူတွေကို

ရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်း၊ ပညာပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း စတဲ့ ကိစ္စရပ်များကို ဆောင်ရွက်ပေးမယ်လို့ ကတိပြုရမယ်လို့ ပါ ပါတယ်။ Article 38 ရဲ့ အပိုဒ် ၂ မှာ ကတော့ ဒါနဲ့ ပတ်သက်လို့ စီစဥ်ဆောင်ရွက်ရမယ့် ဝန်ထမ်းတွေကိုလည်းပဲ သင်တန်းတွေပေးရမယ်လို့ ပါပါတယ်။ အပိုဒ် ၃ မှာကတော့ သုတေသန ပြုလုပ်သူများကို ကူညီဆောင်ရွက်ပေးဖို့ အများပြည်သူ ပူးပေါင်း ပါဝင်ခွင့် ရရှိစေဖို့နဲ့ အများပြည်သူ သိရှိစေနိုင်ဖို့ရန်အတွက်ကိုလည်း စီစဥ်ဆောင်ရွက်ရမယ်လို့ ပါ ပါတယ်။ အဲဒီနိုင်ငံမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံက ၆၁ ခုနှစ်ကတည်းက ပါခဲ့ပြီး ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ Global Commission On Drug Policy ဆိုတဲ့ တကယ့် နိုင်ငံတကာအဖွဲ့ကြီးတစ်ခုက လက်ရှိရှိနေတဲ့ သုံးသပ်ပြီးတော့ ဖော်ပြထားတာကတော့ ပြစ်ဒဏ်ပေးတဲ့နည်းနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒီ Policy ဟာ ထိရောက်မှု အလွန်နည်းတယ်၊ သို့မဟုတ်ရင် ထိရောက်မှု မရှိဘူးလို့ ပေါ်ပေါက်လာခဲ့ရတဲ့ ရလဒ်များထင်ရှားပြီး ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ ခေတ် အခါကာလမှာ မူးယစ်ဆေးဝါးပြဿနာကို ကူညီဖျောင်းဖျခြင်း၊ ဆေးကုသခြင်း၊ ပြန်လည် ပြင်ဆင်ခြင်း တို့ကို ဖြေရှင်းနေခြင်းအားဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပြီး ဖြစ်တာကို တွေ့ရတယ် ဆိုပြီးတော့ လေ့လာသုံးသပ်ထားပြီးသား ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ မူတည်ပြီးတော့ မြန်မာနိုင်ငံ အနေနဲ့ ဒီနေ့ရင်ဆိုင်နေရတဲ့ကိစ္စဟာ အိမ်တွင်းရေး ပြဿနာတစ်ခုအနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်ဟာကိုယ် ဖြေရှင်းလို့ ရနိုင်တဲ့ အနေအထားမျိုး မဟုတ်တော့ဘဲနဲ့ ပြင်ဆင်ခြင်းရဲ့ ရည်ရွယ်ချက်မှာ ဖော်ပြထားပြီး တဲ့အတိုင်း နိုင်ငံတကာလူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အရေးတကြီး လိုအပ်လာနေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဓိက ရှုထောင့်ဖြစ်တဲ့ မူးယစ်ဆေးဝါးကို ဒီနေ့ သုံးစွဲနေသူများဟာ ရာဇဝတ်ပြစ်မှု ကျူးလွန်နေသူများအဖြစ် အမြင်မျိုးကနေပြီးတော့ ကျန်းမာရေးဆိုင်ရာ ပြဿနာကို ခံစားနေရတဲ့အဖြစ်လို့ ပြောင်းလဲမြင်သင့်ပြီ ဖြစ်ပါတယ်။ ဒါကို ကုစားနိုင်ဖို့ရာအတွက် ပြင်ဆင်ချက် ဥပဒေမှာ နောက်ထပ် အသစ်ဖြည့်ဆည်းပေးထားတဲ့ အချက်အလက်တွေ ကျွန်တော်တို့ အများကြီး ထည့်သွင်းထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြင်ဆင်သင့်တဲ့အချိန်ကာလ ဆိုတာနဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိ ရှိနေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ ပြည့်စုံရမယ့် အချိန်ကာလ စီမံချက်ချပြီး ဆောင်ရွက်နေတာဟာ အခု ဒီနေ့ အခြေအနေထိ ရောက်ရှိလာပါပြီ။ အခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ တည်ဆဲဥပဒေများနဲ့ တည်ဆဲအရေးယူ ဆောင်ရွက်မှုများနဲ့တော့ ဒီပြဿနာကို ဖြေရှင်းနိုင်တဲ့အနေအထား မရှိဘူး ဆိုတာကို လက်တွေ့ အားဖြင့် ပေါ်ပေါက်နေပြီးသား ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေတစ်ရပ်ကို စဥ်းစား တဲ့အခါမှာ လူအဖွဲ့အစည်းကို ဘယ်လိုအကျိုးပြုနိုင်မလဲလို့ စီစဥ်စဥ်းစားကြတဲ့အခါကျတော့ ပြစ်ဒဏ်ကြီးပေးမှုတစ်ခုတည်း သွားခဲ့တဲ့ အချိန်ကာလတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)လောက်က နေစပြီး ဒါဟာ မှန်ကန်တဲ့နည်းလမ်း မဟုတ်တော့ဘူး။ ပြုပြင်ပြောင်းလဲဖို့ လိုပြီလို့ နိုင်ငံတကာ (Trend) ကလည်း ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တကယ်တော့ နိုင်ငံတကာမှာရှိနေတဲ့ ယန္တရားတွေ၊ Infrastructure တွေ နောက် နိုင်ငံအတွင်းထဲမှာရှိတဲ့ Mechanism တွေ ၊ Tools တွေ ပြည့်စုံမှ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်း

ရမယ်ဆိုရင် သွားရမယ့် အစီအစဉ်ဟာ ရှေ့နောက်လွဲနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ တကယ်လိုအပ်တဲ့ Infrastructure တွေ တည်ဆောက်ဖို့၊ တကယ်လိုအပ်တဲ့ Mechanism တွေ တည်ဆောက်ဖို့ ၊ တကယ် (Tools) တွေ တကယ်ဖြစ်ဖို့နဲ့ တကယ့် Rule of Law ကို အကောင်အထည် ဖော်ဆောင်ရွက်ဖို့ဆိုရင် အရေးကြီးဆုံး လိုအပ်တာက ပထမဆုံး ဥပဒေ ပြဋ္ဌာန်းဖို့ လိုပါတယ်။ ဥပဒေကို ပြဋ္ဌာန်းပြီးတော့ အဲဒီဥပဒေနဲ့အညီ လိုအပ်တဲ့ ဆောင်ရွက်ချက်များကို ကျွန်တော်တို့ ဆောင်ရွက်မှ ပြဿနာကို နိုင်နိုင်နင်းနင်း ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာရဲ့ မျက်နှာစာ အပါအဝင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးနဲ့ရော နိုင်ငံအနေနဲ့ရော အလေးအနက်ထား စီစဉ် ဆောင်ရွက်မယ်ဆိုတာ ပေါ်ပေါက်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအချိန်ကာလဟာ သတ်မှတ်ထားတဲ့ အခြေအနေတွေ၊ အရည်အချင်းတွေ၊ Budget တွေ ပြည့်စုံသွားပြီးမှ ဥပဒေကိုပြဋ္ဌာန်းရမှာ မဟုတ်ဘဲနဲ့ ဥပဒေကို ပြဋ္ဌာန်းပြီးတော့ ကျွန်တော်တို့ စီမံချက်တွေ အောင်မြင်ဖို့ရာအတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်ရမယ့်အခါမှာ ဒီအချိန်ကာလမှာ ဒီဥပဒေကို အရေးတကြီး ပြင်ဆင်ရန် လိုအပ်တဲ့ အချိန်ကာလအားဖြင့်လည်း ကိုက်ညီလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဒေါက်တာသန်းဝင်း(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ကာလ ၁-၃-၂၀၁၇ မှ ၂၅-၇-၂၀၁၇ အတွင်း နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီရဲ့ လုပ်ဆောင်ချက်များကို ကော်မတီရဲ့ ကိုယ်စား တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းသည့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### ကော်မတီဖွဲ့စည်းခြင်း

၂။　　အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို အမျိုးသားလွှတ်တော်က ၁၇-၂-၂၀၁၆ မှာ ဖွဲ့စည်းခဲ့ပြီးတော့ ၆-၁၂-၂၀၁၆ နဲ့ ၁၄-၃-၂၀၁၇ နေ့များမှာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

### ကော်မတီရဲ့ ဆောင်ရွက်ချက်များ

၃။　(က)　**ကော်မတီအစည်းအဝေးများကျင်းပခြင်း။** ကော်မတီအစည်းအဝေးများကို အစီရင်ခံတဲ့ ကာလအတွင်း စုစုပေါင်း(၅)ကြိမ် ကျင်းပခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးများနဲ့ အတူ ဒေါက်တာသန်းဝင်း က One Belt One Road နှင့် ပတ်သက်၍လည်းကောင်း ဗိုလ်မှူးဇဝန က စင်ကာပူနိုင်ငံနဲ့ပတ်သက်တဲ့ အကြောင်းအရာများကိုလည်းကောင်း၊ ဦးမောင်မောင်လတ် က အိန္ဒိယနိုင်ငံနဲ့ပတ်သက်တဲ့ အကြောင်းအရာများကိုလည်းကောင်း၊ ဒေါက်တာဦးကြွယ်ကြွယ် က ဗီယက်နမ်နိုင်ငံနှင့်ပတ်သက်တဲ့ အကြောင်းအရာများကို လည်းကောင်း ဦးဆောင်လေ့လာဆွေးနွေးခဲ့ပါတယ်။

(ခ)　**ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်း။** နိုင်ငံတကာရေးရာကိစ္စရပ်များ သိရှိလေ့လာနိုင်ရန်နှင့် ကော်မတီဝင်များရဲ့ အရည်အသွေး တိုးတက်မြင့်မားစေဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကျွမ်းကျင်သူအရာရှိများနှင့် လွှတ်တော်အစည်းအဝေး ကာလအတွင်းမှာ ပုံမှန်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ၁၄-၃-၂၀၁၇ ရက်နေ့မှာ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး၊ ၃၀-၅-၂၀၁၇ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို၊ ၇-၆-၂၀၁၇ ရက်နေ့မှာ အာဆီယံရေးရာဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလင်းဆွေ၊ ၁၃-၆-၂၀၁၇ ရက်နေ့မှာ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး

ဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ ၂၀-၆-၂၀၁၇ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မွေးမွေးခိုင်၊ ၂၇-၆-၂၀၁၇ ရက်နေ့မှာ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်၊ ၄-၇-၂၀၁၇ ရက်နေ့မှာ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးစိုးသက်နောင် တို့နဲ့ သက်ဆိုင်ရာဦးစီးဌာနအသီးသီးရဲ့ နိုင်ငံတကာရေးရာနဲ့ သံတမန်ရေးရာကိစ္စရပ်များကို လာရောက်ရှင်းလင်းဆွေးနွေးတာ တက်ရောက်ခဲ့ပါတယ်။

(ဂ) **ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း။** International IDEA (Institute For Democracy and Electoral Assistance) မြန်မာဌာနေကိုယ်စားလှယ် Mr. Mark McDowell ဦးဆောင်တဲ့အဖွဲ့နဲ့ ၈-၃-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံရာမှာ ပြည်ထောင်စုလွှတ်တော်မှာ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနဲ့ လယ်ယာမြေနဲ့ သယံဇာတဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်တဲ့ ဟောပြောပွဲများကို ကျင်းပဖို့ ဆွေးနွေးခဲ့ပါတယ်။ စင်ကာပူနိုင်ငံ၊ ISEAS-Yusof Ishak တက္ကသိုလ်က ပြင်သစ်သုတေသီ Dr. Renaud Egreteau နဲ့ ၁၃-၃-၂၀၁၇ ရက်နေ့မှာ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့ တွေ့ဆုံရာတွင် ဥပဒေပြုမှု၊ စောင့်ကြည့်ထိန်းကွပ်မှု၊ မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုမှု တာဝန်များနှင့် ပတ်သက်ပြီး လက်တွေ့ဆောင်ရွက်နေမှုများ၊ လွှတ်တော်တွင်း ကော်မတီရဲ့ လုပ်ငန်းများ အကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်အခြေစိုက်၊ အမေရိကန် -တရုတ် လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မရှင်က အဖွဲ့ဝင်များနှင့် ၂၆-၅-၂၀၁၇ ရက်နေ့မှာ နေပြည်တော်၊ Hilton Hotel မှာ ကော်မတီအဖွဲ့ဝင် (၂)ဦးက မြန်မာ -တရုတ် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ရန်ကုန်မြို့ အခြေစိုက် ကိုရီးယား ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Jong Ho Bom နဲ့ ၁၅-၆-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံရာမှာ နှစ်နိုင်ငံ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး၊ အဲဒီကတစ်ဆင့် ပြည်သူချင်း ချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ ရန်ကုန်မြို့ အခြေစိုက်၊ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel နဲ့ ၇-၇-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံရာမှာ USAID, NDI, Parliamentary Resource Center က လွှတ်တော်ကိုယ်စားလှယ်များအတွက် ဆောင်ရွက်ပေးတဲ့ ကိစ္စရပ်များနဲ့ လွှတ်တော်ကော်မတီများ၊ လွှတ်တော် ကိုယ်စားလှယ်များရဲ့ လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။ ရန်ကုန်မြို့ အခြေစိုက်၊ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi နဲ့ ၂၄-၇-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံရာမှာ ကာတာနိုင်ငံနှင့် အာရပ်နိုင်ငံများရဲ့ ဆက်ဆံရေးအကြောင်းနဲ့ ကာတာ-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ကိစ္စရပ်များ အကြောင်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။

(ဃ) **အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများတက်ရောက်ခြင်း။** ကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ လွှတ်တော်တွင်းနဲ့ လွှတ်တော်ပြင်ပမှာကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို အစီရင်ခံတဲ့ ကာလအတွင်းမှာ (၂၄)ကြိမ် တက်ရောက်ခဲ့ပါတယ်။

(င) **ပြည်ပခရီးစဉ်များ။** ၁၁-၅-၂၀၁၇ မှ ၁၃-၅-၂၀၁၇ ရက်နေ့ထိ Inter-Parliamentary Union မှ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့မှာ ကျင်းပတဲ့ "Responding to Climate Change Actions of Legislators to achieve the SDGs" ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းဝင်း တက်ရောက်ခဲ့ပါတယ်။ ၂၂-၆-၂၀၁၇ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ကျင်းပတဲ့ "A Policy Forum of the Legal Framework on ASEAN Mutual Recognition Arrangements (MRAs): The Need For National Regulatory Change ဆွေးနွေးပွဲ"ကို ကော်မတီအဖွဲ့ဝင် ဦးရှုန်အောရ် တက်ရောက်ခဲ့ပါတယ်။

(စ) **IPU ဆိုင်ရာပူးပေါင်းအဖွဲ့၊ AIPA ဆိုင်ရာပူးပေါင်းအဖွဲ့ ဆောင်ရွက်ချက်များ။** ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂)ကြိမ်သို့ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၇)ဦး တက်ရောက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီ အစည်းအဝေး (၂)ကြိမ်သို့ ပူးပေါင်းကော်မတီ အတွင်းရေးမှူး အဖြစ် တာဝန်ယူတဲ့ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၆)ဦး တက်ရောက်ခဲ့ပါတယ်။ အာဟာရဖြည့်တင်ရေးလှုပ်ရှားမှု (Scanning Up Nutrition) (SUN) Movement ဆိုင်ရာ လွှတ်တော်တွင်း ဆွေးနွေးပွဲကျင်းပနိုင်ရေး အစည်းအဝေး၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပရေးဆိုင်ရာ အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ တက်ရောက်ခဲ့ပြီး AIPA Connect Road Show နှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး တက်ရောက်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၄။ (က) နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတကာရေးရာမူဝါဒများ၊ ဆောင်ရွက်ချက်များကို လာရောက်ရှင်းလင်းဆွေးနွေးသဖြင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာရေးရာများကို ပိုမိုကျွမ်းဝင်သိရှိလာပါသည်။

(ခ) ကော်မတီ၏ ပုံမှန်အစည်းအဝေးများတွင် ကော်မတီဝင်များက အလှည့်ကျ နိုင်ငံတကာ ကိစ္စရပ်များကို ဦးဆောင်ဆွေးနွေးခြင်းအားဖြင့် ကော်မတီဝင်များ နိုင်ငံတကာဗဟုသုတ ပိုမိုရရှိပါသည်။

(ဂ) သံအမတ်ကြီးများ၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများသို့ တက်ရောက်ခြင်းအားဖြင့် ကော်မတီဝင်များ နိုင်ငံတကာရေးရာ အတွေ့အကြုံပိုမိုရရှိပါသည်။

(ဃ) နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်တွင်းရှိ နိုင်ငံတကာဆက်ဆံ ရေးနှင့်ပတ်သက်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာလွှတ်တော်များ နှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါသည်။

**နိဂုံး**

၅။ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီသည် ကမ္ဘာ့နိုင်ငံများရှိ လွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားအကျိုးစီးပွားအတွက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးသည့် ကော်မတီတစ်ရပ်ဖြစ်စေရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်မှုကိုခံယူ၍ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် ရှိကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေ(၄)နာရီ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမန်းထွန်းကြိုင်(အဖွဲ့ဝင်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများ အားလုံး ကောင်းကျိုးလိုရာပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ အဖွဲ့ဝင် မန်းထွန်းကြိုင် ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန် ပေးချက်အရ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများထံသို့ ကြိုတင်ဖြန့်ဝေပြီးသားဖြစ်သဖြင့် အဓိကကျတဲ့ အချက် များကိုသာ ဖတ်ကြားသွားမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### နိဒါန်း

၁။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၀၆ ၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ၁၇-၂-၂၀၁၆ ရက်နေ့တွင် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ၁၈-၅-၂၀၁၇ ရက်နေ့မှ ၂၆-၇-၂၀၁၇ ရက်နေ့အထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအား အစီရင်ခံတင်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

၂။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအား ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ အားကစားလောကတိုးတက်ရန်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ

ထိန်းသိမ်းကာကွယ်ရန်၊ လူငယ်ထုအတွင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်စေရန်တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းကူညီဆောင်ရွက်ရန် ဖြစ်ပါသည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်အခွင့်အရေး**

၃။ ကော်မတီ၏ လုပ်ငန်းတာဝန်အနေဖြင့် (၁၁)ချက်၊ လုပ်ပိုင်ခွင့်(၉)ချက်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး(၄)ချက် အသီးသီးချမှတ်တာဝန်ပေးခဲ့ပါတယ်။

**ဆောင်ရွက်ချက်များ**

၄။ ကော်မတီ၏ဆောင်ရွက်ချက်များမှာ(က)ကော်မတီပုံမှန်အစည်းအဝေးကျင်းပခြင်း(၅)ကြိမ်၊ (ခ)ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစည်းအဝေးကျင်းပခြင်း(၁)ကြိမ်၊ (ဂ)အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခြင်း(၁၂)ကြိမ်၊ (ဃ)အခမ်းအနားများတက်ရောက်ခြင်း(၆)ကြိမ်၊ (င) အားကစားပြိုင်ပွဲများ တက်ရောက်ခြင်း(၁၁)ကြိမ်၊ (စ)ပြည်ပခရီးစဉ်သွားရောက်ခြင်း(၁)ကြိမ်၊ (ဆ) ကွင်းဆင်းဆောင်ရွက်ချက်များ ဆောင်ရွက်ခဲ့ပါသည်။

ကော်မတီဝင်များ၏ ကွင်းဆင်းဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြု ချက်များကို ဆက်လက်ဖတ်ကြားတင်ပြပါမယ်။

**သုံးသပ်ချက်**

၉။ မကြာသေးမီစစ်တမ်းကာလတွင် မြန်မာလူထုကို ဆင်းရဲတွင်းထဲ တိုးနစ်ရသည့် အကြောင်း အရင်းတစ်ခုမှာ သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးစရိတ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးစရိတ်စကသည် လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်းနှင့် လူ့ဘောင်အသိုင်းအဝိုင်းကို ရပ်တည်နိုင်မှု အင်အားချည့်နဲ့စေသည်ဖြစ်ရာ တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသား တိုင်းကို လွှမ်းခြုံနိုင်မည့် အမျိုးသားကျန်းမာရေး အာမခံစနစ်တစ်ခု မရှိမဖြစ်လိုအပ်ကြောင်း သုံးသပ် ရပါသည်။ စရိတ်မျှပေး ကျန်းမာရေးအစီအစဉ်သည် ကောင်းမွန်သော်လည်း မိမိတို့နိုင်ငံသည် ဆင်းရဲမှုနှုန်း မြင့်မားပြီး ငွေကြေးအခက်အခဲကြောင့် ဆေးရရှိမှုနှင့် လိုအပ်ချက်မမျှတမှု သုံးသပ် ရပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြင်ပဆေးရုံ၊ ဆေးခန်းများနှင့် ပြည်သူ့ဆေးရုံ ပူးတွဲ တာဝန်ထမ်းဆောင်ရာတွင် ပြင်ပလုပ်ငန်းကို ဦးစားပေးခြင်းကြောင့် အသက်မဆုံးရှုံးသင့်သော လူနာများ သေဆုံးရကြောင်း သုံးသပ်ရပါသည်။ တိုင်းရင်းဆေးကဏ္ဍနှင့်ပတ်သက်၍ မြို့နယ်ဆေးခန်း များကို တိုင်းရင်းဆေးဝါးဆေးပင်များဖြင့် လူနာကုသမှုမှတ်တမ်းများကို သုတေသနမှတ်တမ်းများအဖြစ် ဗဟိုသို့ တင်ပို့စုစည်းပေးနိုင်ပါလျှင် ကုသမှုပိုင်းဆိုင်ရာဒေသ (Data) အချက်အလက်များရရှိပြီး ထိုမှ တစ်ဆင့် ရှိပြီးသား တိုင်းရင်းဆေးများ၊ ဆေးပစ္စည်း၊ ဆေးပင်များနှင့် ရောဂါဝေဒနာတို့၏ ဆက်စပ်မှု၊ ပျောက်ကင်းမှု၊ မပျောက်ကင်းမှု စသည့်အချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိန်းဂဏန်းများ ရရှိလာမည်ဟု သုံးသပ်ရပါသည်။

၁၀။ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ အားကစားကွင်း၊ အားကစားရုံများ ကိုလည်း Sport For All ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ အများပြည်သူလွယ်လင့်တကူ ဝင်/ထွက်

လုပ်ရှားကစားနိုင်စေရေး စီမံဆောင်ရွက်ရန်နှင့် မြို့နယ်တိုင်းတွင် အားကစားကွင်း၊ အားကစားရုံနှင့် ရေကူးကန်များ တိုးချဲ့ဆောက်လုပ်ရေး ဆောင်ရွက်ပေးသင့်ပါသည်။ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များအနေဖြင့် တာဝန်ရှိမှုအရ ငွေကြေးပံ့ပိုးပေးရုံမျှဖြင့် မလုံလောက်ဘဲ ကိုယ်တိုင်က အားကစားကို ဝါသနာပါပြီး စခန်းသွင်းအားကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ အားကစားအရည်အချင်း တိုးတက်ပြီး အားကစားသမားများ၏လူမှုရေးအခြေအနေများ၊ စိတ်ဓာတ်ရေးရာအခြေအနေများကိုပါ ထဲထဲဝင်ဝင် သိရှိဆောင်ရွက်ပြီး ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အပြန်အလှန်နားလည်မှု ပေးနိုင်သော ပုဂ္ဂိုလ်များ ဖြစ်သင့်သည်ဟု သုံးသပ်ရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ အားလုံးတို့သည် မိမိတို့၏ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုပညာများအပြင် မိမိတို့၏ မူရင်းလူမျိုးအမည်များကိုလည်း ပျောက်ကွယ်သွားခြင်း မရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ကြောင်းသုံးသပ်ရပါသည်။

**အကြံပြုချက်**

၁၂။ ပြည်သူလူထု ကျန်းမာရေးအသိပညာ တိုးတက်စေရန် သက်ဆိုင်ရာစာပေ၊ စကားများဖြင့် ကျေးလက်ဒေသအရောက် ပညာပေးခြင်းကို ထိရောက်စွာ ဆောင်ရွက်သင့်ပါသည်။ ဆင်းရဲနွမ်းပါးသည့် ပြည်နယ်များအတွက် (Free Medical Service)ကို ကျင့်သုံးသင့်သလို အမျိုးသား ကျန်းမာရေး အာမခံစနစ်ပေါ်လာစေရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ပြည်ပမှဆေးဝါးများ တင်သွင်းနေရသဖြင့် သွင်းကုန်အစားထိုးလုပ်ငန်းများဖြစ်သော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆေးဝါးသုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်သင့်သည်။ ပြည်သူ့ဆေးရုံကြီးများသို့ (၆)လ တစ်ကြိမ် ဆေးဝယ်ယူသိုလှောင်ထားရမည့်အစား (၃)လတစ်ကြိမ် ထုတ်ပေးမည်ဆိုပါက သိုလှောင်ရမည့် နေရာအခက်အခဲနှင့် ဆေးသက်တမ်းကုန်ဆုံးရက် (Expire Date)ကို သက်သာစေမည် ဖြစ်ပါသည်။

၁၃။ အားကစားလောကတိုးတက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရေးတို့အတွက် နည်းပြ၏အရေးပါမှု၊ အားကစားသမားများ၏ စိတ်ဓာတ်နှင့် ကြံ့ခိုင်မှုတို့အပြင် အားကစားကွင်းများနှင့် အားကစားပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်းသည် အောင်မြင်မှုအတွက် လိုအပ်သော ပံ့ပိုးမှုများဖြစ်၍ အားကစားကဏ္ဍတွင် ဘတ်ဂျက်အား တိုးမြှင့်ခွင့်ပြုပေးသင့်ပါသည်။

**နိဂုံး**

၁၄။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ပိတ်ရက်များ တွင် ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုနှင့်ထိတွေ့ပြီး ပြည်သူလူထု၏ အသံကိုနားထောင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အားကစားတိုးတက်ရေး ဆောင်ရွက်မှု လုပ်ငန်းများ၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် အတိုင်း

အတာတစ်ခုအထိ စွမ်းဆောင်နိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု ကဏ္ဍ အလိုက် တိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၄:၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ ယနေ့ ညနေ(၄)နာရီ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄:၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၄:၂၃။**

**ဦးဝေစိန်အောင် (အဖွဲ့ဝင်၊ တိုင်ကြားစာဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ပြည်သူတို့၏တိုင်ကြားစာများဆိုင်ရာကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီ၏တာဝန်ပေးချက်အရ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ (၂/၂၀၁၇) ကို အကျဉ်းချုပ် ဖတ်ကြားတင်ပြသွားဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့တင်ပြသည့် အစီရင်ခံစာ(၂ / ၂၀၁၇)

## နိဒါန်း

၁။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ဆိုသကဲ့သို့ မိမိတို့ထမ်းဆောင်ရမည့် တာဝန်များအား ပြည်သူကို မျက်နှာမူလျက် ဦးလည်မသုန် ကျေပွန်စွာထမ်းရွက်လျက်ရှိပါတယ်။ ပြည်သူများက လွှတ်တော်သို့ အားကိုးတကြီးဖြင့် တင်ပြလာသော တိုင်ကြားစာများ၏ မှန်ကန်မှုကို လေ့လာစိစစ်ခြင်း၊ သက်ဆိုင်ရာ တရားရုံးတစ်ခုခုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ မှန်ကန်သော တိုင်ကြားစာများအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာများနှင့် တရားဥပဒေနှင့်အညီ ဖြစ်စေရေး ညှိနှိုင်းပေးခြင်း၊ မှန်ကန်မှုမရှိသော တိုင်ကြားစာများအတွက် လိုအပ်သလို ဖြေရှင်း ပြန်ကြားပေးခြင်းနှင့် အများသူငါ အကျိုးစီးပွားထိခိုက်စေမည့်ကိစ္စရပ်များ ဖြစ်ပါကလည်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နဲ့ ကွင်းဆင်းလေ့လာ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများဖြင့် ကျရာကဏ္ဍမှ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြ အပ်ပါသည်။

## ရည်ရွယ်ချက်

၂။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူတို့က တင်ပြလာသော တိုင်ကြား စာများကို သုံးသပ်လေ့လာ၍ ကော်မတီ၏ စိစစ်ချက်၊ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ နှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လမ်းညွှန်မှုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ညှိနှိုင်း၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များ၊ အခက်အခဲများကို ကူညီဖြေရှင်းပေးရန် ရည်ရွယ်ထားပါတယ်။

## ကော်မတီဖွဲ့စည်းခြင်း

၃။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်၏ ၂၃-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၁)ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး၊ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း၌ အမျိုးသားလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁၄/၂၀၁၇)ဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ် အစား စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး အားလည်းကောင်း၊ ၎င်းအပြင် တပ်မတော်သားကိုယ်စားလှယ် ကြည်း ၁၅၁၀၁ ဗိုလ်မှူးချုပ်ကိုကိုဝင်း သည် သက်ပြည့်ပင်စင် ခံစားသွားပါသဖြင့် ၎င်းအစား ကြည်း ၂၀၈၆၈ ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် အားလည်းကောင်း အစားထိုးတာဝန် ပေးအပ်ဖွဲ့စည်းခဲ့ပါ သဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာများဆိုင်ရာကော်မတီသည် ကော်မတီဝင် (၁၅) ဦးဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီအစီရင်ခံစာတွင် အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ အမှုတွဲများ လက်ခံရရှိမှု အခြေအနေနှင့် ဆောင်ရွက်ချက်များ၊ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး များပြုလုပ်ခြင်း၊ ကွင်းဆင်းခရီးများတင်ပြထားခြင်း၊ ခရီးစဉ်အတွင်း နှစ်ဖက်အဖွဲ့အစည်းများကြား ညှိနှိုင်းဖြေရှင်းပေးခဲ့ခြင်း၊ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ဖိတ်ခေါ်ကြားနာမှုများ ပြုလုပ်ခဲ့ခြင်းတို့ကို အစီရင်ခံတင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား Power Point အသုံးပြုခွင့်ပြုပါ။ ကျွန်တော်တို့ Slide 1 ကတော့ ကျွန်တော်တို့ ကော်မတီထံကို ရောက်ရှိလာတဲ့ တိုင်ကြားစာများဖြစ်ပါတယ်။ Line No.1 က ၂၀၁၆ ခုနှစ် တစ်နှစ်လုံးအတွက် ဇန်နဝါရီလ ၁ ရက်ကနေပြီးတော့ ဒီဇင်ဘာ ၃၁ ရက်နေ့ထိ ရောက်လာတဲ့စာတွေ ဖော်ပြထားပါတယ်။ စုစုပေါင်း (၄၁၂၂)စောင်ရှိပါတယ်။ Line No.2 ကတော့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ တစ်လလုံးမှာ ဇန်နဝါရီလ ၁ ရက်နေ့ကနေပြီးတော့ ဇန်နဝါရီလ ၃၁ ရက်နေ့ထိ ရောက်ရှိလာတဲ့ တိုင်ကြားစာကို ဖော်ပြထားပါတယ်။ (၂၄၅)စောင်။ Line No.3 ကတော့ ဖေဖော်ဝါရီ ၁ ရက်နေ့က ဒီနေ့အထိ ရောက်ရှိလာတဲ့ စာကို ဖော်ပြထားပါတယ်။ (၁၄၀၉)စောင်။ စုစုပေါင်း ကျွန်တော်တို့ဆီကို (၅၇၇၆)စောင် ရောက်ရှိလျက်ရှိပါတယ်။

ဒါပေမဲ့ အဲဒီစာတွေက ကျွန်တော်တို့ ကော်မတီကို ၂၃-၂-၂၀၁၆ ခုနှစ်တွင်သာ ဖွဲ့စည်း ခဲ့တဲ့အတွက် ကျွန်တော်တို့ မတိုင်ခင်ထဲက ရောက်နေတဲ့ စာတွေလည်း ပါရှိပါတယ်။ Slide 2 ကို ဖော်ပြပေးပါ။ Slide 2 မှာက ကျွန်တော်တို့ စိစစ်တွေ့ရှိပြီးတော့ ဌာနဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း များကို ပို့ပေးထားတဲ့ အမှုတွဲတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ Line No. 1 မှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ကျွန်တော်တို့ စိစစ်ပြီးတော့ သဘောထားမှတ်ချက်နဲ့အတူ ပေးပို့ထားတာ (၁၆)စောင်ရှိရာမှာ ပြန်ကြားသူတို့ ဖြေရှင်းပြီးတော့ ပြန်ကြားခဲ့တဲ့အမှုတွဲက (၁၀)စောင် ရှိတယ်ဆိုတော့ ပြန်ကြားရန်ကျန်နေတာ (၆)စောင် ရှိနေပါတယ်။ ထိုနည်းလည်းကောင်း ပြည်ထောင်စု ရှေ့နေချုပ် နေပြည်တော်ကောင်စီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပဲခူး တိုင်းဒေသကြီး၊ တရားလွှတ်တော်ချုပ် စသည်ဖြင့် ကျွန်တော်တို့ပို့တယ်။

အဲဒီက ဖြေရှင်းပြီးတော့ ပြန်ပို့တဲ့အပါအဝင် စာစုစုပေါင်းကို အောက်ဆုံးက စုစုပေါင်း ဇယားမှာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ဆီက စုစုပေါင်း အာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့ ထားတာ (၄၄)စောင်ရှိပြီး ပြန်ကြားတာ (၂၉)စောင်ရှိတဲ့အတွက် ကျန်တာက (၁၅)စောင် ရှိပါတယ်။ အဲဒါကြောင့် ကျန်တာ သုံးပုံတစ်ပုံခန့် ကျန်နေပါတယ်။ Slide 3,4,5 ကို ဖော်ပြပေးပါ။ Slide 3,4,5 က ပြည်ထောင်စုဝန်ကြီးများထံသို့ ကျွန်တော်တို့ဆီက စိစစ်ပြီးတော့ သဘောထားမှတ်ချက်နဲ့အတူ ပေးပို့ တဲ့စာ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန (၁၇)ခုသို့ ပေးပို့တဲ့အခါမှာ Slide No.5 မှာ နောက်ဆုံးမှာဖော်ပြထားတဲ့ စုစုပေါင်း အရေအတွက်ဆိုရင် ကျွန်တော်တို့ဆီက ပို့ထားတာက (၁၂၅)စောင်၊ သူဖြေရှင်းပြီးတော့ ကျွန်တော်တို့ဆီကို ပြန်ကြားပေးတာက အဲဒီသက်ဆိုင်တဲ့လူတွေကို ပြန်ကြား ပေးတာက (၅၅)စောင်၊ ကျန်နေတာ (၇၀)စောင်ရှိပါတယ်။ အဲဒါကြောင့် (၄၄)ရာခိုင်နှုန်း ပြီးမြောက် တယ်လို့ ဆိုနိုင်ပါတယ်။ Slide 6 နဲ့ 7 ကိုဖော်ပြပေးပါ။ အဲဒါက ကျွန်တော်တို့ တိုင်းဒေသကြီး (၇)ခုနဲ့

ပြည်နယ်(၅)ခုသို့ ကျွန်တော်တို့ကော်မတီက လုပ်ဆောင်ပြီးတာတွေကို သဘောထားမှတ်ချက်နဲ့အတူ ပေးပို့တဲ့စာတွေကို ဖော်ပြထားပါတယ်။

အဲဒီမှာ Slide No.7 မှာဆိုလို့ရှိရင် နောက်ဆုံးလိုင်း စုစုပေါင်းအနားမှာ ကျွန်တော်တို့ဆီက ပေးပို့ထားတာ (၂၁၇)စောင်ရှိပြီး သူတို့က ဆောင်ရွက်ပြီး ပြန်ပို့ထားတာဟာ (၅၄)စောင် ရှိတဲ့အတွက် ကျန်နေတာက (၁၆၃)စောင် ကျန်နေပါတယ်။ ပြီးစီးမှုအနေနဲ့ (၂၅)ရာခိုင်နှုန်းသာ ရှိပါတယ်။ ကျွန်တော်တို့ဆီကို ပို့တဲ့စာထဲမှာတော့ ကျွန်တော်တို့က မိတ္တူတွေကို မဆောင်ရွက်ပါဘူး။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စစ်ဆေးရေးဗဟိုကော်မတီကိုတော့ ကျွန်တော်တို့ လယ်ယာမြေသိမ်းကိစ္စတွေကိုတော့ ကျွန်တော်တို့ စိစစ်တွေ့ရှိပြီးတော့ သဘောထားမှတ်ချက်မပါဘဲနဲ့ ပို့ပေးတာတွေ ရှိပါတယ်။ ဟုတ်ကဲ့။ ကျွန်တော် Power Point သိမ်းလို့ ရပါပြီ။

**ကော်မတီ၏ဆောင်ရွက်ချက်များကို သုံးသပ်ခြင်း**

၁၁။ ကျွန်တော်တို့ကော်မတီသည် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တိုင်ကြားသူကာယကံရှင်များထံသို့ အကြောင်းပြန်ကြားစာ (၉၃) စောင် ပေးပို့ပြန်ကြားပေးနိုင်ခဲ့ကြောင်းကို အစီရင်ခံစာမှာ တင်ပြထားပါတယ်။ ၎င်းအပြင် လယ်ယာမြေသိမ်းဆည်းခံရမှုကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တိုင်ကြားစာများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့လည်း ကော်မတီမှစိစစ်၍ လမ်းညွှန်ချက်များနှင့်အညီ လွှဲပြောင်းပေးဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ကော်မတီ၏ အခြားဆောင်ရွက်ချက်များနှင့် ကော်မတီ၏ သုံးသပ်ချက်များကို တင်ပြထားရာတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ သဘောထားမှတ်ချက်ရယူ၍ အမှုတွဲများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပေးပို့ညှိနှိုင်းထားခဲ့ပါတယ်။ ထိုသို့တိုင်ကြားစာများအား ပေးပို့ညှိနှိုင်းထားရာ၌ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် တိုင်ကြားစာများမှာ အများဆုံးဖြစ်ကြောင်းတွေ့ရပါတယ်။ ၎င်းအပြင် အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများကို ကော်မတီမှစိစစ်၍ စိစစ်ချက်နှင့်အတူ အမှုတွဲများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ပေးပို့ခဲ့ရာ ကော်မရှင်မှ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော် အချို့သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အမှုတွဲများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြသော အရေအတွက်သည် နည်းပါးနေသေးခြင်း၊ တချို့သော ဆောင်ရွက်ချက်များသည် ကျေနပ်အားရဖွယ်မရှိခြင်းနဲ့ အရေးယူ ဆောင်ရွက်မှု အားနည်းနေသေးခြင်းတို့ကြောင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် အလေးထား ဆောင်ရွက် ပြန်ကြားပေးသင့်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကော်မတီသည် ကွင်းဆင်းလေ့လာရန် လိုအပ်သည့် တိုင်ကြားစာများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ၌ ပြည်သူတို့၏ဆန္ဒ၊ လိုလားချက်၊ နစ်နာချက်များကို ဥပဒေနှင့်အညီ ကူညီဖြေရှင်း

ဆောင်ရွက်ပေးနိုင်သဖြင့် တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုများ ပပျောက်ရေးတို့အတွက် ကော်မတီက အထိုက်အလျောက် အထောက်အကူပြုနိုင်ပြီး တိုင်ကြားသူ ပြည်သူလူထုထံမှ ကော်မတီအား ကျေးဇူးတင်ရှိကြောင်း ပေးပို့စာများ လက်ခံရရှိခြင်းနှင့် တယ်လီဖုန်းနှင့် ဆက်သွယ်ပြောကြားခြင်းတို့ကို လက်ခံရရှိခြင်းတို့ကြောင့် ပြည်သူတို့၏ လိုလားချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေး နိုင်ခဲ့သည်ဟု သုံးသပ်၍ အစီရင်ခံတင်ပြထားပါတယ်။

**ကော်မတီ၏အကြံပြုတင်ပြချက်**

၁၂။ ကော်မတီ၏ အကြံပြုချက်ကို တင်ပြပါမယ်။ ပြည်သူများသည် ကော်မတီသို့ အားကိုးတကြီး နှင့် တင်ပြလာခြင်း ဖြစ်၍ ကော်မတီမှ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ထို့အတူ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်း/ပြည်နယ် အစိုးရအဖွဲ့များမှလည်း ကော်မတီနှင့် ယခုထက် ပိုမိုပူးပေါင်း အကောင်အထည်ဖော် ဖြေရှင်း ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူတို့၏ နစ်နာချက်၊ လိုအပ်ချက်များအား သွက်လက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း အကြံပြု တင်ပြထားပါတယ်။

**နိဂုံး**

၁၃။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ တိုင်ကြားစာများဆိုင်ရာကော်မတီသည် ပြည်သူတို့၏ နစ်နာချက်၊ လိုလားချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းစည်းမျဉ်းများနှင့်အညီ အစွမ်းကုန် ဆောလျင်စွာ ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း နိဂုံးချုပ်တင်ပြ အစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာများဆိုင်ရာကော်မတီ

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေ (၄)နာရီ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၁၄း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]